ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့၊ (3-1-2011) (၆၆၃၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်ကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်

လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်အမြဲ သတိရနေကြရမည်ဖြစ်သည်။ နိုင်ငံတော် အစွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်ကို ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အခြေခံအဆောက်အအုံများ

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ

ကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်မြင့် ထူးချွန်ထက်မြက်သော လူသားစွမ်းအား အရင်းအမြစ်များ၏ ကာယ၊ ဉာဏ စွမ်းပကားများဖြင့် စက်မှုနှင့် နည်းပညာမြင့်မားသော အနာဂတ်နိုင်ငံတော်သစ်ကို အောင်မြင်အောင် တည်ဆောက်ကြမည်

စက်မှုနှင့်နည်းပညာမြင့်မားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကို ထူထောင်တည်ဆောက်ရာတွင် စွမ်းရည်မြင့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ မရှိမဖြစ် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူသားစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် အလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အသွေးမြင့်မားသော စွမ်းရည်မြင့် လူသားစွမ်းအားအရင်းအမြစ်များ မွေးဖွားသန့်စင်ပေးနိုင်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်တည်ဆောက်မှုများကို အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့ကာလ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်များ၌ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများသည် ရှေ့တန်းမှ ထင်ရှားပေါ်လွင်စွာ ပါဝင်လျက်ရှိပေသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

၃-၁-၂၀၁၁
(တနင်္လာနေ့)

ဆေးလိပ်သောက်မှုအန္တရာယ် သိမြင်ရှောင်ကြဉ်

ကမ္ဘာတစ်ခွင် ဆေးလိပ်သောက်သည့် အလေ့အထများပျံ့နှံ့နေသည်။ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုကြောင့် ယင်းတို့နှင့် နီးနွယ်သည့်ရောဂါများ ဖြစ်ပွားခံစားနေကြရသည်။

ဆေးလိပ်ငွေ့တွင် နီကိုတင်းနှင့် ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများ ပါဝင်သဖြင့် ဆေးလိပ်သောက်သူများအနေဖြင့် အဆုတ်ကင်ဆာ၊ အသည်းကင်ဆာနှင့် ခံတွင်းကင်ဆာရောဂါများ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါများ ဖြစ်ပေါ်စေနိုင်သည်။

ဆေးလိပ်သောက်ခြင်းသည် ကိုယ်တိုင်သောက်သုံးနေသူများသာမက ဆေးလိပ်သောက်သူများက ဖွာထုတ်လိုက်သော ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်မိသူများပါ အန္တရာယ်ဖြစ်စေနိုင်သည်။ ကမ္ဘာပေါ်တွင် ဆေးလိပ်မီးခိုး အငွေ့များကို ရှူရှိုက်မိသဖြင့် နှစ်စဉ် ပျမ်းမျှ လူခြောက်သိန်းကျော် သေဆုံးနေရကြောင်း သုတေသနပြုချက်များအရ သိရသည်။ ဆေးလိပ်သောက်သူမိဘတို့၏ ရင်သွေးငယ်များ၊ ဆေးလိပ်ကြိုက်သော လုပ်ဖော်ကိုင်ဖက်တို့၏ ပတ်ဝန်းကျင်တွင်နေထိုင်သူများ ကျန်းမာရေးထိခိုက်စေနိုင်သည်ကို ဆေးလိပ်သောက်သူတိုင်း သတိပြုဆင်ခြင်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အကြမ်းဖျင်းအားဖြင့် စီးကရက်၊ သနပ်ဖက်ဖြင့် လိပ်သည့် ဆေးပေါ့လိပ်၊ ဆေးရွက်ကြီးများဖြင့်လိပ်သော ဆေးပြင်းလိပ်၊ သတင်းစာစက္ကူများဖြင့်လိပ်သော ဘော့ဖြူဆေးလိပ်ကြီးနှင့် ဆေးတံတို့ကို သောက်သုံးနေကြသည်။ စီးကရက်နှင့်ဆေးပေါ့လိပ်တို့ကို မြို့ပြနေသူများ သောက်သုံးလေ့ရှိပြီး ကျန်ဆေးလိပ်များကို ကျေးလက်နေသူများ အများဆုံး သောက်သုံးကြသည်ကို တွေ့ရသည်။

ကိုယ်တိုင်ဆေးလိပ်သောက်သူနှင့် သူတစ်ပါးသောက်သော ဆေးလိပ်မီးခိုးငွေ့များ ရှူရှိုက်မိသူ ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်ဝန်ပျက်ကြခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်း၊ ဉာဏ်ရည်မမီသော ကလေး မွေးဖွားခြင်းစသည်တို့ ဖြစ်တတ်သည်။ ထို့အတူ ဆေးလိပ်သောက်သူ မိဘတို့ထံမှ ဆေးလိပ်ငွေ့ကို ရှူရှိုက်နေကြရသူ ရင်သွေးငယ်များသည်လည်း ရင်ကျပ်ရောဂါ၊ လေပြွန်ရောင်ရောဂါနှင့် အဆုတ်ရောဂါတို့ဖြစ်စေနိုင်သည်။

စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ဆေးတံသောက်ဆေးစသည့် ဆေးရွက်ကြီးကို အခြေခံ၍ပြုလုပ်ထားသော ပစ္စည်းမှန်သမျှသည် ကိုယ်တိုင်သောက်သုံးသူနှင့် ပတ်ဝန်းကျင်နေသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။ လူတိုင်း လူတိုင်းက ဆေးလိပ်သောက်မှု အန္တရာယ်ကို သိမြင်ရှောင်ကြဉ်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေနှင့်အညီ သက်ဆိုင်ရာတို့က ကြပ်မတ်တားဆီးကြခြင်းဖြင့် ပြည်သူတိုင်း ဆေးလိပ်ကြောင့်ဖြစ်ပွားသော ရောဂါများမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တတိယအကြိမ် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုဆိုင်ရာ စာတမ်းဖတ်ပွဲ ကျင်းပ

ရေအားလျှပ်စစ် ဖွံ့ဖြိုးထုတ်လုပ်မှုပညာရပ် နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီ (ဗဟို) ဥက္ကဋ္ဌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် တတိယအကြိမ် ရေအားလျှပ်စစ် ဖွံ့ဖြိုးမှုဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တတိယအကြိမ် ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနား ပေါင်းလောင်းရေအားလျှပ်စစ် အခြေစိုက်ဝင်းအတွင်းရှိ ရေအားလျှပ်စစ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန ရဲရွာခန်းမ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ ရေအားလျှပ်စစ် ဖွံ့ဖြိုးထုတ်လုပ်မှုပညာရပ် နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီ(ဗဟို) ဥက္ကဋ္ဌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ပကုမ္ပဏီများမှ အင်ဂျင်နီယာများ၊ ပြည်တွင်းရေအားလျှပ်စစ် တည်ဆောက်ရေး ကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ အင်ဂျင်နီယာများနှင့် ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရေအားလျှပ်စစ် ဖွံ့ဖြိုးထုတ်လုပ်မှုပညာရပ် နှီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မတီ(ဗဟို) ဥက္ကဋ္ဌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အမှာစကား ပြောကြားပြီး "ခိုင်မြဲတည်တံ့သော တမံကောင်းဖြစ်စေဖို့ ပုံစံငယ်ထုတ်လုပ်မှု၊ တည်ဆောက်မှုစနစ်နှင့် ရေအား ထိန်းသုံးမှု" (Dam Safety During Design, Construction and Operation)ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားသည်။

ထို့နောက် စာတမ်းရှင် ၁၄ ဦးတို့က စာတမ်းများကို ဖတ်ကြားကြပြီး ဒုတိယဝန်ကြီး၏ မေးမြန်းချက်များ ပြန်လည်ဖြေကြားကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြား၍ စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စာတမ်းဖတ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၆။ စိုက်ပျိုးသုတ
- ၄း၂၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၀ ၈။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၉။ လျှပ်တစ်ပြက်
- ၅း၂၀ ၁၀။ စုံညီပွဲတော်တို့နွဲပျော် တို့များစုံညီပွဲတော်ဆီ
- ၅း၂၅ ၁၁။ မီးသတိပြု
- ၅း၃၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၃)**
- ၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆း၄၀ ၁၆။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၂၄)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ Talk Of The Town
- ၂၃။ မေးမြန်းစူးစမ်း
- ၂၄။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၃၂)**
- ၂၇။ Mini Series
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "လွတ်လပ်ရေး၏ တန်ဖိုး လွတ်လပ်ရေး၏အနှစ်သာရ"၊ "လုံးဝလွတ်လပ်ရေးအတွက် အတတ်ပညာ"၊ "လုပ်ငန်းအောင်မြင်ရေးအတွက် အလုပ်သမားနှင့်အလုပ်ရှင် အပြန်အလှန်ယုံကြည်မှု တည်ဆောက်၊ အလုပ်သမားသည် ပထမ၊ ဖောက်သည်မှာ ဒုတိယ EFCS ဆိုသည့် အတွေးအခေါ် အယူအဆ ပြောင်းလဲခေတ်စား" စသည့် မျက်နှာဖုံး သတင်းဆောင်းပါးများ၊ "အာတိတ်လေအေးစီးကြောင်း လာနီညာနှင့် ပုံမှန်ထက်ပိုအေးမည့်နှစ်"၊ "သူတို့ပြောတဲ့ ၂၀၁၀ အကြိုက်ဆုံးသတင်းများ"၊ "ပြည်တွင်းကားဈေးကွက် ပုံမှန်ပြန်ဖြစ်လာတော့မည်" စသည့် မျက်နှာဖုံးသတင်းများ ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ နိုင်ငံတကာအားကစားကဏ္ဍနှင့် မှုခင်းသတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် မြန်မာ-တရုတ် စီးပွားပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်မည်ဟု တရုတ်သံအမတ်ကြီးပြောကြား၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် မလေးရှားလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စား၊ အရှေ့-အနောက်စီးပွားရေး စင်္ကြံလုပ်ငန်းခွဲ့ထွင်ရေး၌ မီဒီယာ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း ဗီယက်နမ်ကြေညာ၊ ဂျပန်က မြန်မာ့ရေထွက်ကုန်များ ဝယ်ယူရန်စိတ်ဝင်စား၊ မြန်မာ-အိန္ဒိယ အပြန်အလှန်ကူညီရေးစာချုပ်ကြောင့် နယ်စပ်ဒေသများ ပိုမိုဖွံ့ဖြိုးလာမည်၊ ဇန်နဝါရီအတွင်း ပြည်ပသို့ဆန်တန်ချိန် ၆၀၀၀၀ ကျော်တင်ပို့ရန်ရှိ၊ FTTx စနစ် နှစ်ဆန်းပိုင်းတွင်စတင်မည် စသည့် ထူးထူးခြားခြား စိတ်ဝင်စားဖွယ်သတင်းများကို ဖော်ပြထားသည်။

(သတင်းစဉ်)

ဝန်ထမ်းဝတ်စုံပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဆောင်းရာသီဝတ်စုံပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ဆောင်းရာသီဝတ်စုံ ၄၂ စုံ (တန်ဖိုးကျပ် ၃၁၅၀၀၀) အား ဝန်ထမ်းများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မင်းတုန်း - ကျောက်ကြီး ကားလေးအမြန်ယာဉ်လိုင်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ခရိုင် မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မထသတို့ ကြီးကြပ်ပြီး မင်းတုန်း-ကျောက်ကြီး ကားလေးအမြန်ယာဉ်လိုင်း ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါ ကားဂိတ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးသာဇော်နှင့် မထသအတွင်းရေးမှူး ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ဆေး

မြဝတီခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်ကျော် ဦးဆောင်၍ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်မျိုးဇော်ဦးနှင့် အဖွဲ့ဝင်များ ဒီဇင်ဘာ ၂၁ ရက်က စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များ၊ လိုင်စင်ပိုးတက်မရှိသူများနှင့် ဆိုင်ကယ်စီး ဦးထုပ်မဆောင်းသူများအား ဘုရင့်နောင်လမ်းမကြီးတွင် စစ်ဆေးစဉ်။

(ခရိုင်ပြန်/ဆက်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန သုံးသပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၀ခုနှစ်အတွင်း ဌာနအလိုက် ရည်မှန်းချက်အပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများဆိုင်ရာ သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးလှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဌာနဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးလှသိန်းဆွေက ရှင်းလင်းဆွေးနွေး တင်ပြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်များကို သိရှိနားလည်ပြီး ရည်မှန်းချက်အောင်မြင်စေရေးအတွက် နိုင်ငံ့သားကောင်းပီသစွာ၊ ဝန်ထမ်းကောင်းပီသစွာဖြင့် အလေးအနက်ထား ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိုးရိုးသားသား မှန်မှန်ကန်ကန်ဖြင့် ကြိုးစားဆောင်ရွက်ကြရန်နှင့် စည်းမျဉ်းဥပဒေများနှင့်အညီ တာဝန်သိစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်စေရန် ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရန် အရေးကြီးကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၀ ခုနှစ်အတွင်း ဌာနအလိုက် ရည်မှန်းချက်အပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများဆိုင်ရာသုံးသပ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မီဒီယာဂရု(ပ်)၏ ဆဋ္ဌမအကြိမ်နှစ်ပတ်လည် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မီဒီယာဂရု(ပ်)၏ ဆဋ္ဌမအကြိမ်နှစ်ပတ်လည်အခမ်းအနားကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel Ball Room ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မီဒီယာဂရု(ပ်) အမှုဆောင်အရာရှိချုပ် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးတို့က ဂုဏ်ပြုစကား ပြောကြားကြသည်။

ပေးအပ်

ထို့နောက် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက ရန်ကုန်မီဒီယာဂရု(ပ်)မှ ဝန်ထမ်းများအား ဆုကြေးငွေများနှင့် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်မီဒီယာဂရု(ပ်)သည် Flower News၊ ရန်ကုန်တိုင်း(မ်)နှင့် 8 days a week ဂျာနယ်တို့ကို ထုတ်ဝေလျက်ရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ ရန်ကုန်မီဒီယာဂရု(ပ်)၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အခမ်းအနားတွင် အကောင်းဆုံးသတင်းထောက်ဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ရူပဗေဒအဓိက ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄-၇၈ ပညာသင်နှစ် ရူပဗေဒ အဓိက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များမွေ့ရုံ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသားဟောင်း ဦးသိန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စုပေါင်းကန်တော့ကြသည်။

ယင်းနောက် ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဒေါက်တာတင်အောင်က ဩဝါဒစကားပြောကြား၍ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ကိုယ်စား ကျောင်းသူဟောင်း ဒေါ်စန်းစန်းက ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄-၇၈ ပညာသင်နှစ် ရူပဗေဒ အဓိက ကျောင်းသား၊ ကျောင်းသူဟောင်းများ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပစဉ်။

(သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၂၊ အမှတ် (၁၇) ကို ဒီဇင်ဘာ ၃၁ ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်း၌ ပြသမည့် Mothman, Edge of Darkness, Six Days Seven Night စသည့် ဇာတ်ကားများ၊ Star World ရုပ်သံလိုင်းတွင် Junior Masterchef Australia 2010 အစီအစဉ် Channel V ရုပ်သံလိုင်း၏ V Special အစီအစဉ်တွင် Nelly Furtado ၏ အထူးအစီအစဉ်၊ TLC ရုပ်သံလိုင်းတွင် ကမ္ဘာ့ရုပ်ရှင်လောက၏ ထိပ်တန်းဖက်ရှင်ဒီဇိုင်နာ ၁၅ ဦးအကြောင်းပြသမည့် The Greatest Fashion Icons In Film အစီအစဉ်နှင့် နေအိမ်များရှိအန္တရာယ်ရှိသော ပိုးမွှားများအကြောင်း ပြသမည့် Is Your House Out To Get You? အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် တိရစ္ဆာန်များ၏ အကူအညီဖြင့် အမှုအခင်းများဖြေရှင်းနိုင်ပုံအား တွေ့မြင်ရမည့် Animal Witness ၊သဘာဝတရား၏ ဆန်းကြယ်မှုတစ်ခုအဖြစ် ခြင်္သေ့ငယ်တစ်ကောင်က စိုင်ငယ်တစ်ကောင်အား ၁၆ ရက်ကြာသည်အထိ ပြုစုစောင့်ရှောက်ခဲ့ပုံအား အံ့ဩဖွယ်ကြည့်ရမည့် Heart of A Lioness အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့သည့် ဖြစ်ရပ်မှန်ဖြစ်စဉ်များအား ပြသမည့် Survive This အစီအစဉ်၊ ဆစ်ဒနီမြို့၏ နှစ်သစ်ကူးအကြိုပွဲတော်အကြောင်း ပြသမည့် DSC Sunay Revealed အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်းတွင် တိရစ္ဆာန်များ၏ စုပေါင်းနေထိုင်မှုများအား ကြည့်ရမည့် Triumph of Life အစီအစဉ်နှင့် အံ့ဩစရာအရာဝတ္ထုများအား မျိုချခဲ့သည့် ခွေးများအား ကယ်တင်ပုံကို ပြသမည့် My Dog Ate What အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်း၏ ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Mandaly FM တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် တင်ဆက်ပေးမည့် 'ထူးချွန်မောင်မယ်အတုယူဖွယ်' အစီအစဉ်၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ၁၅ ရက်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၁-၇၃၀ ၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express(09-5080850, 391186) သို့ မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော သုခနေ့လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ်၌ ခရီးသည်တင် မှန်လုံယာဉ်တစ်စီးတိမ်းမှောက် လေးဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂

ယာဉ်မောင်းများ၏ ပေါ့လျော့စွာမောင်းနှင်မှု၊ အရှိန်ပြင်းစွာ မောင်းနှင်မှုနှင့် အရက်သေစာသောက်စားမူးယစ်မောင်းနှင်မှုတို့ကြောင့် ယာဉ်ပေါ်ပါခရီးသည်များ၏ အသက်များထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ရရာ တာဝန်ရှိသူများက ယာဉ်မောင်းများအား အဓိကဦးစားပေး၍ ပညာပေးဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်းမြင်တွေ့၊ သိရှိဖတ်ရှုနေရသည်။

သို့ရာတွင် ယာဉ်မောင်းများ၏ ကိုယ်တိုင်ချင့်ချိန်မှု၊ စည်းကမ်းလိုက်နာမှုတို့က လိုအပ်နေသေးကြောင်း ဒီဇင်ဘာ ၃၀ ရက်က မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုက သက်သေပြနေသည်။

ယာဉ်မောင်း မျိုးဝင်း မောင်းနှင်သည့် ခရီးသည်တင် မှန်လုံယာဉ်သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၅ နာရီခွဲခန့်တွင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၆၁/၆) နှင့် (၃၆၁/၇) အကြား၌ အရှိန်လွန်ပြီး လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် ၃၂ ဦးအနက် အမျိုးသား သုံးဦး၊ အမျိုးသမီးတစ်ဦး ဦးခေါင်းကြေမွ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ကြောင်း၊ အမျိုးသားလေးဦး၊ အမျိုးသမီး ခုနစ်ဦးတို့ ပေါက်ပြဲ ဖူးရောင် နာကျင်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဒဏ်ရာရရှိသူများအား ဝမ်းတွင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိပြီး ယာဉ်မောင်းအား ဝမ်းတွင်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း၊ မျက်မြင်သက်သေဒေသခံတစ်ဦးက ခရီးသည်တင် မှန်လုံယာဉ်မှာ အရှိန်ပြင်းစွာ မောင်းနှင်လာသဖြင့် စိုးရိမ်မိပြီး လှမ်းကြည့်နေစဉ် ယခုကဲ့သို့ အရှိန်လွန်ပြီး တိမ်းမှောက်သွားခဲ့ခြင်း ဖြစ်ကြောင်း၊ သေဆုံးသူ လေးဦးမှာ ဒဏ်ရာပြင်းထန်ခဲ့ကြောင်း၊ ခရီးသည်တင် မှန်လုံယာဉ် မောင်းနှင်သူများအားလုံး သတိတရားလက်ကိုင်ထားပြီး မောင်းနှင်ကြပါမှ ယာဉ်မောင်းရော၊ ခရီးသည်များ၏ အသက်အန္တရာယ်ပါလုံခြုံမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

WISE (ABE) သင်တန်းကျောင်းမှ ကြီးမှူး၍ "ပုဂံ သို့မဟုတ် မြန်မာ့အတွေးအမြင် အစဉ်အလာနှင့် ယနေ့လူငယ်" ခေါင်းစဉ်ဖြင့် ဆရာနန္ဒသိန်းဇံက ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲကို ဇန်နဝါရီ ၉ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်၍ အသေးစိတ်သိရှိလိုပါက အခန်းအမှတ် (၁၀၀၉) (၁၀) ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၆၁၈၃၊ ၀၉-၅၁၅၇၀၃၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဟောပြောပို့ချ

တောင်ဒဂုံမြို့နယ် (၁၀၇)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ မိဘမေတ္တာဓမ္မရိပ်သာကျောင်းတွင်း၌ ပြုလုပ်သော လူငယ်ယဉ်ကျေးလိမ္မာအထူးသင်တန်း၌ စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က လူ့ပရမတ္ထနှင့် ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ခေါင်းစဉ်ဖြင့် စာပေအနုပညာနှင့် ကျန်းမာရေးအသိပညာအကြောင်း ဟောပြောပို့ချစဉ်။ (ကြေးမုံ)

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက်(စနေနေ့) နံနက် ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)ရှိ သုဂတောဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးမြင့်အောင် ဖုန်း-၀၉၅၁၅၉၁၄၄၊ ၆၆၆၃၅၂၊ ၅၂၂၉၆၂၊ ဦးမြင့်သိန်း(တက္ကသိုလ်မောင်မြင့်သိန်း) ဖုန်း-၅၀၃၈၄၁၊ ဦးမြင့်သိန်း(ထူးကြီး) ဖုန်း-၀၉၅၁၀၃၂၁၀၊ ၂၉၃၀၅၆၊ ဦးတင်လှိုင် ဖုန်း-၆၄၅၁၇၆၊ ဦးအောင်ကြည် ဖုန်း-၇၃၀၃၁၅၂၁၊ ဦးမြင့်စိုး ဖုန်း-၂၉၂၈၃၅၊ ဦးကျန့်ဟင်း ဖုန်း-၀၉၅၀၆၁၃၉၇၊ ဒုတိယဗိုလ်မှူးကြီးနေမျိုးဦး ဖုန်း-၀၉၅၁၉၀၅၃၄၊ ဦးသောင်းတင်(အတွင်းရေးမှူး) ဖုန်း-၇၃၀၁၁၂၈၀၊ ၇၂၇၄၂၀ နှင့် သုဂတောဓမ္မာရုံ ဖုန်း-၆၅၆၂၀၇ တို့သို့ ဇန်နဝါရီ ၆ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(ကြေးမုံ)

အာဂျင်တီးနားလေကြောင်းပိုင်နက်ကို ပန်းကန်ပြားပျံများ ခြိမ်းခြောက်နိုင်

ဗျူနိုအေရိ ဇန်နဝါရီ ၂

မိမိတို့နိုင်ငံ၏ လေကြောင်းပိုင်နက်အတွင်း ပန်းကန်ပြားပျံခေါ် အမျိုးအမည်မသိ ပျံသန်းနေသော အရာဝတ္ထုများကို လေယာဉ်မှူးများနှင့် ရေဒါများက ရှာဖွေတွေ့ရှိသည့် သတင်းများ ပေါ်ထွက်နေကြောင်း၊ ပန်းကန်ပြားပျံများသည် နိုင်ငံတော်၏ လေကြောင်းပိုင်နက် လုံခြုံမှုကို ခြိမ်းခြောက်လာဖွယ်ရှိကြောင်း အာဂျင်တီးနားလေတပ်က ပြောကြားသည်။

အာဂျင်တီးနား နိုင်ငံ တူပန်ဂါတိုဒေသ၌ တွေ့မြင်ရသော ပန်းကန်ပြားပျံ မှတ်တမ်းပုံ။

ပြောကြား

အာဂျင်တီးနားနိုင်ငံ၏ ဝေဟင်အတွင်း ထူးဆန်းသော အရာဝတ္ထုများကို ရှာဖွေတွေ့ရှိရသည်ဟု တိုက်လေယာဉ်မှူးများက မကြာခဏ သတင်းပေးပို့မှုရှိကြောင်း လေတပ်က ပြောကြားသည်။

ထင်မှတ်မှားခြင်း

ပန်းကန်ပြားပျံများဟု ယူဆရသော အရာဝတ္ထုများနှင့် သက်ဆိုင်နေသည့် ဓာတ်ပုံဒါဇင်ပေါင်းများစွာကို အာဂျင်တီးနားသတင်းဌာနများကပင် သတင်းထုတ်ပြန်ခဲ့ကြကြောင်း၊ ပျံသန်းနေသော ငှက်များ သို့မဟုတ် ပျံသန်းနေသော လေယာဉ်များကို ပန်းကန်ပြားပျံများဟု ထင်မှတ်မှားခြင်းလည်းဖြစ်နိုင်ကြောင်း၊ အချို့သော ဓာတ်ပုံများမှာ လုပ်ကြံဖန်တီးထားသော ဓာတ်ပုံများဖြစ်ကြောင်း ပရင်နာလာတီနာ အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။

အာဂျင်တီးနား လေကြောင်းပိုင်နက်အတွင်း ပန်းကန်ပြားပျံ တွေ့ရှိရမှုများကို စုံစမ်းစစ်ဆေးသွားနိုင်ရန် စစ်ဘက်ဆိုင်ရာ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း သတင်းစာက ရေးသားသည်။

အဆိုပါ ကော်မရှင်၌ မိုးလေဝသဌာနမှ ကျွမ်းကျင်သူပညာရှင်များ၊ လေယာဉ်မှူးများ၊ အာကာသယာဉ်မှူးများ၊ ဆရာဝန်များ၊ ရေဒါကျွမ်းကျင်သူများ ပါဝင်မည်ဖြစ်သည်။ **အင်တာနက်။**

"ဆီလုံ"ဟူသော ဝေါဟာရကို အစားထိုးသုံးစွဲရန် သီရိလင်္ကာဝန်ကြီးအဖွဲ့ ညွှန်ကြား

ကိုလံဘို ဇန်နဝါရီ ၂

သီရိလင်္ကာနိုင်ငံရှိ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအားလုံး၌ "ဆီလုံ"ဟူသော အမည်နာမ၏နေရာတွင် "သီရိလင်္ကာ" ဟူသော ဝေါဟာရဖြင့် အစားထိုးသုံးစွဲရန် ဝန်ကြီးအဖွဲ့က ညွှန်ကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

သီရိလင်္ကာအစိုးရအဖွဲ့အောက်ရှိ ဌာနများအားလုံး၌ "ဆီလုံ" ဟူသော ဝေါဟာရအစား သီရိလင်္ကာဟူသော ဝေါဟာရဖြင့် အစားထိုးသုံးစွဲရန် ဝန်ကြီးအဖွဲ့က ညွှန်ကြားထားကြောင်း ပြန်ကြားရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဆီလုံ" ဟူသော ဝေါဟာရကို ကိုလိုနီခေတ်က နိုင်ငံ၏ အမည်နာမအဖြစ် သုံးစွဲခဲ့ကြသည်။ သီရိလင်္ကာနိုင်ငံသည် ၁၉၄၈ ခုနှစ်က ယူနိုက်တက်ကင်းဒမ်းထံမှ လွတ်လပ်ရေးရရှိခြင်း မရှိမီ နိုင်ငံ၏အမည်ကို ဆီလုံဟူ၍ ခေါ်တွင်ခဲ့သည်။

ဆီလုံလျှပ်စစ်ဓာတ်အားဘုတ်အဖွဲ့နှင့် ဆီလုံရေနံကော်ပိုရေးရှင်းတို့ကဲ့သို့သော အဖွဲ့အစည်းများ၏ အမည်၌ပါရှိသော ဆီလုံဝေါဟာရ၏နေရာတွင် သီရိလင်္ကာဟူသော ဝေါဟာရဖြင့် အစားထိုးရမည်ဖြစ်သည်။

ရှေးအခါကာလက သီရိလင်္ကာနိုင်ငံကို အမည်နာမ အမျိုးမျိုးဖြင့် ခေါ်တွင်ခဲ့ကြသည်။ ဗြိတိသျှကိုလိုနီခေတ်တွင် ဆီလုံကျွန်းဟု သိရှိခဲ့ကြသည်။ သီရိလင်္ကာဟူသော အမည်ကို တရားဝင် အမည်နာမအဖြစ် ၁၉၇၂ ခုနှစ်မှစ၍ ပြောင်းလဲခေါ်တွင်စေခဲ့သည်။ **အင်တာနက်။**



ပျက်ကျရုရှားလေယာဉ်မှ မှတ်တမ်းတင်သေတ္တာနက် ပြန်လည်တွေ့ရှိ

မော်စကို ဇန်နဝါရီ ၂

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသမှ ပျံတက်ရန် ပြင်ဆင်နေစဉ် မီးလောင်ပေါက်ကွဲခဲ့သော ခရီးသည်တင် ဂျက်လေယာဉ်မှ ပျံသန်းမှုမှတ်တမ်းတင်သေတ္တာနက်ကို ပြန်လည်ရှာတွေ့ပြီဖြစ်ကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားသည်။ ဒေသန္တရလေကြောင်းလိုင်းတစ်ခုမှပိုင်ဆိုင်သော တီယူ-၁၅၄ ဂျက်လေယာဉ် **(အပေါ်ပုံ)**သည် ခရီးသည် ၁၂၄ ဦးလိုက်ပါလာပြီး ဇန်နဝါရီ ၁ ရက်က ပျံတက်ရန် ကြိုးစားစဉ်အတွင်း မီးလောင်ပေါက်ကွဲခဲ့သည်။

ကြောက်လန့်တကြားဖြစ်နေသော ခရီးသည်များသည် လေယာဉ်အတွင်းမှ လွတ်မြောက်ရန်ကြိုးပမ်းခဲ့ကြရပြီး အများစုသည် ပေါက်ကွဲမှုမဖြစ်ပေါ်မီ လေယာဉ်ပြင်ပသို့ ထွက်ပြေး လွတ်မြောက်ခဲ့ကြသည်။

အဆိုပါ လေယာဉ်မတော်တဆမှုကြောင့် အနည်းဆုံး သုံးဦး သေဆုံးကာ ၄၃ ဦးဒဏ်ရာရခဲ့ကြောင်း၊ ရုရှားသတင်းဌာနများ၏ အဆိုအရ လူ ၃၀ ခန့်မှာ ဆေးရုံ၌တင်ဆောင်ကုသ ထားရဆဲဖြစ်ကြောင်း သိရသည်။

ရုရှားပြည်တွင်းလေကြောင်းခရီးစဉ်များကို ကြီးကြပ်ရ သည့် ပြည်တွင်းလေကြောင်းကွပ်ကဲရေးကော်မတီ၏ အဆိုအရ တီယူ ၁၅၄ လေယာဉ်၏ ပျံသန်းမှုမှတ်တမ်းတင်သေတ္တာနက်ကို လေယာဉ်ပျက်စီးမှုဖြစ်ရာနေရာမှပင် တွေ့ရှိခဲ့ကြောင်း သိရသည်။ ယင်းဖြစ်ရပ် ဖြစ်ပွားပြီးနောက် တီယူ-၁၅၄ လေယာဉ်များကို ပျံသန်းမှုအနားပေးရန် ရုရှားလေကြောင်းအာဏာပိုင်အဖွဲ့က ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **အေပီ။**

ပါလက်စတိုင်းနှင့် ဆက်လက်ဆွေးနွေးလိုကြောင်း အစ္စရေးဝန်ကြီးချုပ် ပြောကြား

ဂျေရုဆလင် ဇန်နဝါရီ ၂

ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် ရရှိသည့်တိုင် ပါလက်စတိုင်းသမ္မတနှင့် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားရန် အဆင်သင့်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ အသစ်တစ်ဖန် ပြန်လည်စတင်ရေး လေသံများသည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ တနင်္ဂနွေနေ့ထုတ်ပြန်ချက်တွင် ဖုံးလွှမ်းလျက်ရှိသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်လိုပါက အစ္စရေးနိုင်ငံအနေဖြင့် အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုကို ရပ်တန့်ရန်လိုကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောကြားခဲ့ပြီးဖြစ်သည်။

မာမွတ်အဘတ်စ်၏ တောင်းဆိုမှုကို အစ္စရေးဝန်ကြီးချုပ်က ငြင်းဆန်ခဲ့သော်လည်း မာမွတ်အဘတ်စ်နှင့် မည်သည့်အကြောင်းအရာမျိုးကိုမဆို ဆွေးနွေးရန် အသင့်ရှိကြောင်း နေတန်ယာဟုက ပြောကြားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံက အလေးအနက်ထားခဲ့ပါက ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်သည် လာမည့်နှစ်လအတွင်း အကောင်အထည် ပေါ်လာဖွယ်ရာရှိကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောကြားသည်။

အပြန်အလှန်အားဖြင့် အစ္စရေးဝန်ကြီးချုပ်က မိမိအနေဖြင့် သံသယအမြင်များ ကင်းရှင်းသွားသည့်အထိတိုင် မာမွတ်အဘတ်စ်နှင့် ဆွေးနွေးလိုကြောင်း ပြောကြားသည်။ **အေပီ။**

အီရန်သမ္မတ ကားလေလံ ဒေါ်လာတစ်သန်းထိ ကမ်းလှမ်းခံရ

တီဟီရန် ဇန်နဝါရီ ၂

အီရန်သမ္မတသည် ၎င်း၏ ၃၃ နှစ်မျှကြာနေပြီဖြစ်သည့် ကားကိုလေလံတင်ရာ ပြည်ပမှလေလံဆွဲသူများက အမေရိကန်ဒေါ်လာ တစ်သန်းအထိပေးကြောင်း၊ ရရှိသောငွေကို ငွေနည်းပါးသူများအတွက် အိမ်ရာစီမံကိန်းတွင် သုံးမည်ဖြစ်ကြောင်း၊ ပြည်တွင်းသတင်းစာတစ်စောင်က တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

၁၉၇၇ ခုနှစ်ထုတ် အဖြူရောင်ဆီဒင် (PEUGEOT) ကားကို မသန်မစွမ်းများနှင့် လူငယ်များအတွက် အိုးအိမ်စီမံကိန်းရန်ပုံငွေအတွက် လေလံတင်ခြင်းဖြစ်သည်။ ဆင်းရဲသော အီရန်ပြည်သူပြည်သားအားလုံး အမိုးအကာအောက်သို့ ရောက်ရှိစေမည်ဟု ရွေးကောက်ပွဲမဲဆွယ်စဉ်ကာလက သမ္မတက ကတိပေးထားခဲ့သည်။

ဝက်ဘ်ဆိုက်တွင် ပြည်ပမှ ဘာသာစကားမျိုးစုံဖြင့် လေလံဆွဲကြရာ စနေနေ့အထိ ကမ်းလှမ်းသော ဈေးနှုန်းများမှာ ဒေါ်လာတစ်သန်းအထိပါဝင်ကြောင်း အီရန်သတင်းစာက ဖော်ပြသည်။ သို့သော် လေလံဆွဲသူတို့သည် မည်သူများဖြစ်ကြသည်ဟု ဖော်ပြခြင်းမပြုပေ။

ဖေဖော်ဝါရီလလယ်တွင် အနောက်ပိုင်းမြို့တော် အဘာဒန်၌ ကျင်းပမည့်လေလံပွဲသို့ ထိပ်ဆုံးမှ ဈေးကောင်းပေးသူများကို ဖိတ်ကြားမည်ဖြစ်သည်။ အွန်လိုင်းမှ ဈေးနှုန်းကမ်းလှမ်းခြင်းကို ဇန်နဝါရီလကုန်အထိ ခွင့်ပြုမည်ဖြစ်သည်။ နိုင်ငံခြားသား လေလံဆွဲသူများအတွက် လေလံကြေးမှာ တစ်ဦးလျှင် ၆၇ ဒေါ်လာဖြစ်၍ နိုင်ငံသားများမှာ ဒေါ်လာ ၅၀ ဝန်းကျင်သာ ဖြစ်သည်။ **အေပီ။**

အက်စ်တိုးနီးယားနိုင်ငံ ယူရိုငွေကြေးကို စတင်အသုံးပြု

တယ်လင်း ဇန်နဝါရီ ၂

ဘောလ်တစ်ဒေသရှိ အက်စ်တိုးနီးယားနိုင်ငံသည် ဇန်နဝါရီ ၁ ရက်က ယူရိုငွေကြေးကို စတင်အသုံးပြုခဲ့သည့် ၁၇ နိုင်ငံမြောက် ဥရောပနိုင်ငံဖြစ်လာကြောင်း သတင်းများတွင် ဖော်ပြသည်။ အက်စ်တိုးနီးယားနိုင်ငံသည် ၎င်း၏ မူလငွေကြေးစနစ် ကရွန်းကို ယူရိုငွေကြေးသို့ ပြောင်းလဲအသုံးပြုရန် နှစ် ၂၀ မျှ ကြိုးပမ်းခဲ့ရသည်။ အက်စ်တိုးနီးယားနိုင်ငံသည် ယခင် ဆိုဗီယက်ပြည်ထောင်စုဟောင်း လက်အောက်မှ ၁၉၉၁ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ယူရိုငွေကြေးကို စတင်အသုံးပြုသော ဆိုဗီယက်ပြည်ထောင်စုဟောင်းဝင် ပထမဦးဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ အက်စ်တိုးနီးယားဝန်ကြီးချုပ် အန်းဒရက်စ် အန်ဆစ်သည် တယ်လင်းမြို့လယ်ရှိ ငွေလဲလှယ်ရေးဌာနတွင် အထူးတပ်ဆင်ထားသော ငွေထုတ်စက်မှ ပထမဦးဆုံး ယူရိုငွေများကို ဇန်နဝါရီ ၁ ရက်က ထုတ်ယူပေးခဲ့သည်။ **အေပီ။**

အရှေ့ဆိုက်ဘေးရီးယားဒေသ ရေနံပိုက်လိုင်းမှတစ်ဆင့် ရုရှားရေနံများ တရုတ်နိုင်ငံသို့ စတင် တင်ပို့မည်

မော်စကို ဇန်နဝါရီ ၂

ကမ္ဘာ့ရေနံတင်ပို့သော နိုင်ငံများတွင် ထိပ်ဆုံး၌ရောက်ရှိနေသည့် ရုရှားက ၎င်းသည် အရှေ့ဆိုက်ဘေးရီးယားမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ရေနံတင်ပို့ရန် အစီအစဉ်စတင်ပြီဖြစ်ကြောင်း စနေနေ့တွင် ပြောကြားခဲ့သည်။

ရုရှားသည် ယခုအချိန်အထိ ဆိုက်ဘေးရီးယားအနောက်ပိုင်းရှိ ကီလိုမီတာ ၅၀၀၀၀ ရှည်လျားသော ရေနံပိုက်လိုင်းများကို အာရုံစူးစိုက်လျက်ရှိပြီး ယင်းမှ ဥရောပနိုင်ငံများသို့ ရေနံပို့ပေးနေသည်။

ရေနံတင်ပို့ရောင်းချရေးနှင့် ဖြတ်သန်းသယ်ယူရေးအတွက် နောက်ဆုံးအတည်ပြုသည့် အစီအစဉ်အရ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း တရုတ်နိုင်ငံသို့ ဆိုက်ဘေးရီးယားအရှေ့-ပစိဖိတ်သမုဒ္ဒရာပိုက်လိုင်း (အီးအက်စ်ပီအို)မှတစ်ဆင့် ရေနံတန်ချိန် ၃ ဒသမ ၆၈ သန်း ပေးပို့မည်ဖြစ်သည်။

ရုရှားရေနံပိုက်လိုင်းများကို တစ်ဦးတည်း လက်ဝါးကြီးအုပ်ထားသော "ထရန်(စ်)နက်ဖ်"က ရေနံတင်ပို့မှုကို ဒေသစံတော်ချိန် နံနက် ၃၀ မိနစ်တွင် စတင်ခဲ့ကြောင်း၊ ဇန်နဝါရီလအတွင်း တန်ချိန် ၁ ဒသမ ၃ သန်းပို့ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**



ရုရှားနိုင်ငံအတွင်းမှ ရေနံပိုက်လိုင်း တစ်စိတ်တစ်ပိုင်းကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ဟုမ္မလင်းမြို့ ကမ်းနားလမ်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ဟုမ္မလင်းမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဒီဇင်ဘာ ၂၁ ရက်တွင် ဟုမ္မလင်းမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ချီးမြှင့်ပစ္စည်းများ ပေးအပ်ကာ အရာရှိ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နယ်မြေခံတပ်ရင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် ဟုမ္မလင်းမြို့ တပ်မတော်ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှု ခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြား၍ ချီးမြှင့်ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဒီဇင်ဘာ ၂၂ ရက်တွင် ဟုမ္မလင်းမြို့ ကမ်းနားလမ်း တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် မြေထိန်းကျောက်စီနံရံ တည်ဆောက်ပြီးစီးမှုနှင့် တံတားကြွံခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့မှတစ်ဆင့် ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)သို့ ရောက်ရှိ၍ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လူနာများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မအူပင် မိုးစပါးမျိုးကောင်းမျိုးသန့် စံကွက်ရိတ်သိမ်း

မအူပင် ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ရေနက်ကွင်းမိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက မလက်တိုကျေးရွာအုပ်စု တမလိုကျေးရွာရှိ ကွင်းအမှတ် (၉၇၃ᵇ)ဦးပိုင်အမှတ် (၂၀) ဧက ၁၅၀ မှ ဧက ၃၀ တွင် တောင်သူဦးနေဝင်း စိုက်ပျိုးထားသည့် ရတနာဝင်းမျိုးကောင်းစပါးစိုက်ခင်း၌ ကျင်းပသည်။**(အောက်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးညီလေးမောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမြင့်ထွန်းနှင့် ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌ ဦးအေးထွန်း၊ တောင်သူဦးနေဝင်းနှင့် တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ကြရာ တစ်ဧကစပါးအခြောက် ၇၃ ဒသမ ၂၆ တင်းထွက်ရှိကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်မြင်းစီးအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အာဆီယံမြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော် ပြိုင်ပွဲဝင်များအား ပြိုင်ပွဲစည်းကမ်း၊ စည်းမျဉ်းများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသော ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ယနေ့ နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ရန်ကုန်မြင်းစီးအသင်း (National Sports Comples, Pyidaungsu Road, North Dagon Township-Yangon)၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အာဆီယံ မြင်းစီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်က ပြိုင်ပွဲဝင်များအား ပြိုင်ပွဲ စည်းကမ်း၊ စည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပထမနေ့ သတ်မှတ်ထားသည့် ပွဲစဉ်များအနက် Show Jumping (Team) ဗိုလ်လုပွဲကို ကျင်းပပြီး ဒုန်းအငယ်တန်းပြိုင်ပွဲနှင့် ဒုန်းအကြီးတန်းပြိုင်ပွဲများ၏ လူရွေးပွဲများကို ကျင်းပသည်။

ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီတွင် ကျန်ရှိသည့် ပြိုင်ပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ကားမောင်းပြိုင်ပွဲနှင့် ပြိုင်ကားအရောင်းပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြိုင်ကားမောင်းပြိုင်ပွဲနှင့် ပြိုင်ကားအရောင်းပြပွဲကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) Top Ruby Land ပြိုင်ကားမောင်းကွင်း၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ ပြပွဲကို စည်စည်ကားကားနဲ့ အမှားအယွင်းမရှိ အကောင်းဆုံးဖြစ်အောင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်သူများနှင့် ကြည့်ရှုအားပေးမယ့်သူများ အဆင်ပြေစေရန် အဘက်ဘက်က ပြည့်စုံအောင် စီစဉ်ပေးထားမည်ဖြစ်ကြောင်း၊ ပြိုင်ကားမောင်းပြိုင်ပွဲကို ၂၀၁၃ ခုနှစ် Sea Game မှာ ထည့်သွင်းကျင်းပဖို့ ပြင်ဆင်ထားကြောင်း၊ မန္တလေး၌လည်း ရန်ကုန်ကဲ့သို့ နိုင်ငံတကာအဆင့်မီ ကားမောင်းပြိုင်ကွင်း တည်ဆောက်ဖို့ ရှိကြောင်း Top Ruby Land ပြိုင်ကားမောင်းကွင်းမှ မန်နေဂျင်းဒါရိုက်တာ ကိုအောင်နိုင်ဦး၏ ပြောပြချက်အရသိရသည်။

ပြိုင်ကားမောင်းပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခု(၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို အသက် (၆ နှစ်မှ ၁၄ နှစ်အထိ) ကလေးတန်းနှင့် အလွတ်တန်း ကျား/မ ဟူ၍ သတ်မှတ်ထားသည်။ ပြိုင်ပွဲဝင်ကြေးအနေဖြင့် ကလေး သုံးသောင်း၊ လူကြီး ငါးသောင်း သတ်မှတ်ထားပြီး တစ်ပွဲလျှင် အနည်းဆုံး ၁၀ ဦးမှ အများဆုံး ၁၅ ဦးထိ ယှဉ်ပြိုင်နိုင်သည်။ ဆုရရှိသူများကို ပြိုင်ကားနှင့်ပတ်သက်သည့် ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်များ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ကားအရောင်းပြပွဲကို ယခုနှစ်မှစတင် ပြုလုပ်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းသည့် ကားအသစ်များကိုသာ ရောင်းချမည်ဟုသိရသည်။ ကလေးစီးတစ်စီးလျှင် ၂၆ သိန်း၊ ၃၉ သိန်း သတ်မှတ်ထားပြီး လူကြီးစီး တစ်စီးလျှင် ၄၅ သိန်း၊ ၆၅ သိန်းဟူ၍ တန်ဖိုးသတ်မှတ်ထားသည်။

ပြိုင်ကားမောင်းယှဉ်ပြိုင်မည့်သူများသည် ပြိုင်ကားမောင်းကွင်း၌ ၅၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် လာရောက်လေ့ကျင့်နိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို ပြိုင်ပွဲဝင်ဦးရေ ပြည့်သည်အထိ လက်ခံလျက်ရှိကြောင်း သိရသည်။

ပြပွဲ၌ရောင်းချမည့် ပြိုင်ကားသစ်ကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ ကျော်ဇေယျာမြင့်

လှိုင်းတက်ကျေးရွာအုပ်စုတောင်ခြေတွင် တောဆင်ရိုင်းသုံးကောင်ရှိနေဆဲ

သာစည် ဇန်နဝါရီ ၂

သာစည်မြို့နယ် ရဲစခန်းမှ ဒုတိယရဲအုပ်အောင်ကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၈ ရက်မှစ၍ လှိုင်းတက်ကျေးရွာ နယ်မြေအတွင်း ဝင်ရောက်ခဲ့သော တောဆင်ရိုင်းသုံးကောင်၏ အခြေအနေကို သိရှိနိုင်ရန် ဒီဇင်ဘာ ၂၃ ရက်ကလှိုင်းတက်ကျေးရွာအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင် သစ်တောဦးစီးဌာနမှ ဦးစီးလက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့်အဖွဲ့ဝင်များနှင့်အတူ တောဆင်ရိုင်းသုံးကောင် ဝင်ရောက်သွားရာ လမ်းကြောင်းကို မှတ်တမ်းတင်ခဲ့သည်။

အဆိုပါ တောဆင်ရိုင်းသုံးကောင်မှာ ကျောက်အိုးရွာ အရှေ့တောင်ဘက် တစ်မိုင်အကွာ တောင်ခြေဝါးရုံတောထဲတွင် နေထိုင်ပြီး ပတ်ဝန်းကျင်ရွာများနှင့် လူများ၊ စိုက်ခင်းများအား အန္တရာယ်မပေးဘဲ ဆက်လက်ခိုအောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။ (၁၁၁)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၂၅ ၈။ "သတိတစ်ချက်၊ တစ်သက်အမှား"
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၇။ (၆၃) နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၀ ၈။ မြန်မာတေးသံရှင် ရွေးချယ်ပွဲ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ [(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်] မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆း၃၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၂၁)**
- ၇း၃၀ ၁၃။ "သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည်မြန်မာပြည်" (ရေကန်အသင့်၊ ကြာနဲ့တင့် ဒီမိုကရေစီနိုင်ငံတော်သစ်)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ (အပိုင်း-၅)
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၂၀)**
- ၁၉။ အစီအစဉ်ပြီး၏။

ထွန်စက်နောက်တွဲ ထယ်သွားများအား ခရီးသည်တင်မှန်လုံကားဝင်တိုက်

ဝမ်းတွင်း ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ပြည့်စုံကုန်းရပ်ကွက်အနီးတွင် ဇန်နဝါရီ ၁ ရက်က ရန်ကုန်မှမန္တလေးသို့ မောင်းနှင်လာသော ခရီးသည်တင်မှန်လုံကားသည် လမ်း၏ ယာဘက်မှ မောင်းနှင်လာသော ထွန်စက်၏နောက်ပိုင်းတွင် ချိတ်ဆွဲထားသည့်ထယ်သွားများကို ဝင်ရောက်တိုက်မိပြီး လမ်း၏ဝဲဘက်သို့ ထိုးကျသွားခဲ့ရာ ယာဉ်မောင်း၏ ခြေထောက်တွင် ဒဏ်ရာများရရှိသွားသဖြင့် ကျောက်ဆည်ဆေးရုံသို့ ပို့ဆောင်ကုသနေရကြောင်း သိရသည်။ (၁၁၁)

မီးသတိပြု

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်တွင် ခုတင် (၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသစ်ကို ဆောက်လုပ်ပေးပြီး နေပြည်တော်နေ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့

ကြိုဆို ဂုဏ်ပြု

○ ရွှေဖုံးမှ

လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ရာ၌ နိုင်ငံသားတိုင်းအခြေခံပညာ၊ အဆင့်မြင့်ပညာများကို အဆင့်လိုက် သင်ယူတတ်မြောက်စေရေးသည် အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ရေးသည်လည်း ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် ဦးတည်ချက်များကို ချမှတ်လျက် အဘက်ဘက်မှ မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာ တက္ကသိုလ်ကောလိပ်များ၊ သိပ္ပံနှင့်နည်းပညာ တက္ကသိုလ်ကောလိပ်များ စသည်ဖြင့် ပညာရေးအခြေခံအဆောက်အအုံများ တစ်ဟုန်ထိုး တိုးတက်မြင့်မားလာသကဲ့သို့ အထူးကု ဆေးရုံကြီးများ၊ တိုက်နယ်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ဆေးရုံများ၊ ဆေးတက္ကသိုလ်များအပါအဝင် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်၊ သင်တန်းကျောင်းများစသည့် ကျန်းမာရေး အခြေခံအဆောက်အအုံများလည်း ဒေသအနှံ့ ကွက်ပြည့်ဖြည့်ဆည်း ဖွင့်လှစ်ဖော်ဆောင်ပေးနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

ယနေ့ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ မြှင့်တင်ဖော်ဆောင်ပေးနိုင်မှုများကြောင့် အရွယ်ရောက်သူ ကလေးတိုင်း အခြေခံပညာသင်ကြားခွင့်ကို လွယ်လင့်တကူရရှိလာနိုင်ပြီး အဆင့်မြင့်ပညာသင်ကြားမှု၌လည်း မဟာဘွဲ့၊ ဒေါက်တာဘွဲ့များအထိ လက်လှမ်းတမီ သင်ယူလေ့လာပိုင်ဆိုင်နိုင်ကြပြီဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်မှုမြင့်မားပြီး မျှော်မှန်းနိုင်သော လူ့သက်တမ်းမှစ၍ အမျိုးသားကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများလည်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်ပြီး စွမ်းရည်မြင့် ထူးချွန်ထက်မြက်သော လူသားစွမ်းအား အရင်းအမြစ်များ၏ ကာယ၊ ဉာဏစွမ်းပကားများဖြင့် စက်မှုနှင့်နည်းပညာမြင့်မားသော အနာဂတ်နိုင်ငံတော်သစ်ကို အောင်မြင်အောင် တည်ဆောက် ဖော်ဆောင်သွားကြရမည်သာ ဖြစ်ပေသည်။

ကရင်ပြည်နယ်အတွင်းရှိ ကျောင်းသားလူငယ်များအား နိုင်ငံ့အကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ပေါ်စေရန် သင်ကြားမွေးထုတ်ပေးလျက်ရှိသည့် ဘားအံတက္ကသိုလ်။

၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	**အခြေခံပညာကျောင်း**	၃၃၇၄၇	၄၀၈၇၆	၇၁၂၉
၂	**ဆရာအတတ်သင်ပညာရေး**			
	- ပညာရေးကောလိပ်	-	၂၀	၂၀
၃	**အဆင့်မြင့်ပညာ**			
	- တက္ကသိုလ်/ကောလိပ်/ ဒီဂရီကောလိပ်	၂၇	၆၄	၃၇
	- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန	-	၄၄	၄၄
၄	**သိပ္ပံနှင့်နည်းပညာ**			
	- နည်းပညာတက္ကသိုလ်	၁	၃၀	၂၉
	- နည်းပညာကောလိပ်	-	၄	၄
	- ကွန်ပျူတာတက္ကသိုလ်	၁	၂၆	၂၅
	- မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	-	၁	၁
	- နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)	-	၁	၁
၅	**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**	-	၁	၁
၆	**အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်/ ကောလိပ်**	၁	၂၂	၂၁

မြန်မာနိုင်ငံ အထက်ပိုင်းရှိ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် မန္တလေးမြို့ အရိုးအထူးကုဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

တိုးချဲ့ဆေးရုံကြီး

လပွတ္တာမြို့နယ် သုံးမိုင်မြို့ ကွက်သစ်ရှိ ခုတင် (၂၀၀) ဆံ့ တိုးချဲ့ဆေးရုံကြီးကို တွေ့ရစဉ်။

အစိုးရ နည်းပညာကောလိပ် (အေးသာယာ)

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ တိုင်းရင်းသား လူငယ်များအား အဆင့်မြင့် နည်းပညာများ သင်ကြားပေးလျက်ရှိသည့် အစိုးရ နည်းပညာကောလိပ် (အေးသာယာ)၏ ပင်မသုံးထပ် စာသင်ဆောင်ကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ တိုးတက်ဖြစ်ထွန်းလာသော ဆေးတက္ကသိုလ်နှင့် သင်တန်းကျောင်းများ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	ဆေးတက္ကသိုလ်	ခု	၃	၄	၁
၂	သွားဘက်ဆိုင်ရာတက္ကသိုလ်	ခု	၁	၂	၁
၃	သူနာပြုတက္ကသိုလ်	ခု	-	၂	၂
၄	ဆေးဝါးတက္ကသိုလ်	ခု	-	၂	၂
၅	ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်	ခု	-	၂	၂
၆	ပြည်သူ့ကျန်းမာရေးတက္ကသိုလ်	ခု	-	၁	၁
၇	အခြေခံကျန်းမာရေးတက္ကသိုလ်	ခု	-	၁	၁
၈	တိုင်းရင်းဆေးတက္ကသိုလ်	ခု	-	၁	၁
၉	သူနာပြုသင်တန်းကျောင်း	ကျောင်း	၆	၂၃	၁၇
၁၀	သားဖွားသင်တန်းကျောင်း	ကျောင်း	၁၆	၂၀	၄
၁၁	သူနာပြု/သားဖွား နှီးနွှယ်သင်တန်းကျောင်း	ကျောင်း	၃	၃	အဆင့်မြှင့်တင်

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍ

စဉ်	ဆေးရုံ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	အထူးကုဆေးရုံ	ရုံ	၁၅	၂၃	၈
၂	သင်ကြားရေးနှင့် အထွေထွေရောဂါ	ရုံ	၄	၆	၂
၃	ခုတင် (၁၀၀၀)	ရုံ	-	၁	၁
၄	ခုတင် (၃၀၀)	ရုံ	၁	၅	၄
၅	ခုတင် (၂၀၀)	ရုံ	၈	၃၁	၂၃
၆	ခုတင် (၁၅၀)	ရုံ	၁၂	၃	အဆင့်မြှင့်တင်
၇	ခုတင် (၁၀၀)	ရုံ	၂၈	၃၂	၄
၈	ခုတင် (၅၀)	ရုံ	၃၃	၆၁	၂၈
၉	ခုတင် (၂၅)	ရုံ	၄၉	၁၉၄	၁၄၅
၁၀	ခုတင် (၁၆)	ရုံ	၁၆၂	၁၀	အဆင့်မြှင့်တင်
၁၁	တိုက်နယ်ဆေးရုံ	ရုံ	၃၀၅	၅၀၅	၂၀၀
၁၂	အခြားဝန်ကြီးဌာနအောက်ရှိဆေးရုံ ကျန်းမာရေးလုပ်ငန်းများ/ဌာနများ	ရုံ	၁၄	၂၇	၁၃
၁၃	ကျေးလက်ကျန်းမာရေးဌာန	ခု	၁၃၃၇	၁၅၀၈	၁၇၁
၁၄	ဒေသန္တရ ကျန်းမာရေးဌာန	ခု	၆၄	၈၆	၂၂

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၁-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အမေရိုက်မှပိုနာသည်" တရားတော် (ဆရာတော်ဦးသုခေမိတ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၄)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၁)**
၈း၄၀ Fashion Music Festival (Part-21)
၉း၀၅ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ (မင်္ဂလာရက်မြတ်များဆီသို့) (အပိုင်း-၄)
၉း၂၀ ပဲခူးဒီဂရီကောလိပ်ကျောင်းသား ဟောင်းများ၏ အာစရိယပူဇော်ပွဲ
၉း၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားနှင့်ခံတွင်းကျန်းမာရေး အကြောင်း)
၁၀း၀၅ စွန့်စားဝံ့သူတို့၏ သီးသန့်ကမ္ဘာ
၁၀း၃၀ The Champion of Dance
၁၁း၀၅ စာအုပ်ပြခန်း (FASHION IMAGE Magazine)
၁၁း၂၀ Activities In The City (ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိမြင့်တင်ရေးပွဲတော်)
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀ (၁၁)ကြိမ်မြောက်မြန်မာ့တိုင်းရင်း ဆေးသမားတော်များညီလာခံ (သုတေသနစာတမ်းဖတ်ပွဲ)
၁၂း၂၀ Activities In The City [အထက(၁)လသာ၏ အာစရိယပူဇော်ပွဲ]
၁၂း၄၀ ဓမ္မရုံသီဘာဏ်ရောင်ခြည် အိမ်တော်ရာကမြတ်စေတီ
၁း၀၀ "အမေရိုက်မှပိုနာသည်" တရားတော် (ဆရာတော်ဦးသုခေမိတ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင် စတားဆွယ်တာလုပ်ငန်း
၂း၄၅ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၂း၅၅ Myanmar ICT Award 2010 ပြိုင်ပွဲမှ Websit of the year 2010 နှင့် Business Application of the year 2010 အကြောင်းသိကောင်းစရာ
၃း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Spice Wellcome)
၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၄)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၁)**
၄း၄၅ 2011 နည်းပညာသစ်များနှင့် Hair Style & Colonna Hair Product မိတ်ဆက်ပွဲ
၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၂၀ ဗီဒီယိုပြခန်း
၅း၄၀ Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ (မင်္ဂလာရက်မြတ်များဆီသို့) (အပိုင်း-၄)
၆း၀၀ MRTV-4 သတင်း
၆း၂၀ Sunday Talk (စာရေးဆရာချစ်စံဝင်း၊ မျိုးမြတ်သူ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၂၅)**
၇း၃၀ Fashion Music Festival (Part-22)
၈း၀၀ MRTV-4 သတင်း
၈း၃၀ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ စကားနပန်း (ရှက်တတ်တာကောင်းတယ် မရှက်တတ်တာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၉၂)**
၁၀း၁၀ အနုပညာမိုးကောင်းကင်
၁၀း၃၀ ဂီတနက်သန် ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ(အပိုင်း-၂)
၁၀း၄၅ International Show Biz
၁၁း၁၀ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုင်ရာ ဗဟုသုတလေ့လာပါ RESOURCE CENTRE မှာ
၁၁း၂၀ လှပသစ်ဆန်းအလှပြင်ခန်း (VIOLET STYLE Beauty Spa)
၁၁း၄၀ ဘဝများ(ခင်စန်းဝင်း) (မိတ်ကပ်)
၁၂း၀၅ မြန်မာစာ၊ မြန်မာစကား
၁၂း၂၀ Box Office Movies (Looney Tunes, Behind the Tunes)
၁၂း၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာယွန်းလတ်ဖြူ)
၁း၀၀ မီးမီးရဲ့ဆုံးဖြတ်ချက် (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊အောင်ဟိန်း) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁း၁၀ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)
၁း၄၀ မျှော်လင့်ခြင်း၏ အလင်းရောင်သစ်
၂း၁၀ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၂း၃၀ ငြိမ့်ညောင်းသာယာစောင်းပညာ
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
၄း၃၀ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ နေကြာ အထွက်တိုးအောင်စိုက်ကြစို့"
၄း၃၅ မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
၄း၅၀ ပူဇော်လျှုဒါန်း ကြာသက်နိုး
၅း၀၀ အစီအစဉ်ပြီး။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆော

လွတ်လပ်ရေးအလှပန်း ထာဝရလန်းစွင့်စေ

ကျော်ရဲမင်း

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် လက်ဝယ်ပိုင်ပိုင်ရှိစဉ်က အရေးတယူ တန်ဖိုးထားဖို့ မေ့လျော့နေတတ်ကြပြီး လက်လွတ်ဆုံးရှုံးရချိန်ကျမှ တန်ဖိုးအနဂ္ဃထိုက်မှန်းသိရှိကာ ဝမ်းနည်းကြေကွဲမဆုံး၊ နောင်တရမဆုံး ဖြစ်ကြရသည့် အရေးအကြီးဆုံးအရာမှာ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု(ဝါ) နိုင်ငံလွတ်လပ်ရေးပင်ဖြစ်သည်။ ပိုင်ဆိုင်ထားစဉ်တုန်းက တန်ဖိုးထား ကာကွယ်စောင့်ရှောက်ရကောင်းမှန်းမသိ၊ အလေးအနက်မရှိဘဲ ပေါ့ပေါ့တန်တန်ပင် သဘောထားတတ်ကြသည်။ သို့သော် တကယ့်တကယ် လက်လွတ်ဆုံးရှုံးခံလိုက်ရချိန်တွင်မူ ရွှေတောင်ကြီးပြိုလဲသွားသည့်ပမာ၊ လောကအလုံး အမှောင်တိုက်ကြီး ဖုံးလွှမ်းသွားသည့်ပမာ၊ မိုးကောင်းကင်ကြီးတစ်ခုလုံး ပြိုကျလာသည့်ပမာ ဆောက်တည်ရာမဲ့ အပြိုပြို အလဲလဲဖြင့် ဒုက္ခပင်လယ်ဝေကြရသည့်အရာမှာ "လွတ်လပ်ရေး" ပင် ဖြစ်သည်။

ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ မေ့လျော့မှုကြောင့်ဖြစ်စေ၊ အားမတန်မာန်လျှော့၍ဖြစ်စေ ဆုံးရှုံးခဲ့ရချိန်က ဖျတ်ခနဲ အချိန်တိုအတွင်း သူတစ်ပါးလက် အပါခံခဲ့ရသည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ကို သူတစ်ပါးလက် ဝကွက်အပ်ပြီး သူတစ်ပါးလက်အောက်၌ ဒူးထောက်လည်စင်းပေးခဲ့ရသည်။ ဆုံးရှုံးမှု၊ ပြောင်းလဲမှုက မြန်ဆန်လွန်းလှသည်။ ပဥ္စလက်ပြကွက်တစ်ခုလိုပင် ကျွန်ဖြစ်ဖို့ သိပ်ကိုလွယ်လွန်းလှချေ၏။ သို့သော် အနှီလွတ်လပ်ရေးကို ပြန်လည်ရယူပိုင်ဆိုင်နိုင်ဖို့ ကြိုးစားရသည်မှာကား အခက်တကာ့အခက်ဆုံးဟု ဆိုရလောက်အောင် အတားအဆီးအကွေ့အကောက်များလှသည်။ ကာလအကန့်အသတ်မရှိ၊ အချိန်းအဆို၊ ကတိကဝတ်မရှိ။ သူတစ်ပါးက အသာတကြည့် ပြန်ပေးရိုးမရှိ။ လွတ်လပ်ရေးပြန်ရဖို့ ကြိုးပမ်းအားထုတ်မှုများသည် နှစ်ပေါင်းရာချီ၍လည်း ကြာနိုင်သည်။ လူ့သက်တမ်း သုံးလေးငါးဆက်ချီ၍လည်း ရင်းနှီးစွန့်လွှတ်စွန့်စားကြရနိုင်သည်။ လူ့အသက်ပေါင်း သိန်းသန်းချီ၍ စတေးရနိုင်သလို သွေးနှင့် မျက်ရည်ပင်လယ်ဝေသည့်အထိလည်း ပေးဆပ်ကြရနိုင်သည်။ ဤသဘောသဘာဝကို မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းက လက်တွေ့သာဓကပြခဲ့ပြီးဖြစ်သည်။ ကျွန်တော်တို့အားလုံး လက်တွေ့သိမြင်ခံစားနားလည်ခဲ့ကြပြီး ဖြစ်သည်။

အားလုံးသိပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံ မြန်မာလူမျိုးတို့သည် နယ်ချဲ့အင်္ဂလိပ်တို့၏ ကျူးကျော်စစ်ခင်းမှုကို ရှုံးနိမ့်ခဲ့ရပြီး နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝရောက်ခဲ့ကြရသည်။ လွတ်လပ်ရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ပေးဆပ်ရင်းနှီးပြီး နှစ်ပေါင်း ၁၀၀ ကျော် ရုန်းကန်ကြိုးပမ်း လွတ်လမ်းရှာခဲ့ကြရသည်။ နောက်ဆုံးတွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ နိုင်ငံလွတ်လပ်ရေးကို ပြန်လည်ရယူပိုင်ဆိုင်နိုင်ခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကား ရှည်လျားလှပါဘိ။ အရင်းအနှီးကြီးမားလှပါဘိ။ ယခုလည်း ဇန်နဝါရီ ဆောင်းနှင်းပွင့်များနှင့်အတူ လွတ်လပ်ရေးနေ့ ရောက်ပြန်ပေတော့မည်။ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဖွတ်သန်းရပေဦးတော့မည်။

ယခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကား ယခင့်ယခင်နှစ်များကထက်ပိုပြီး ထူးခြားလေးနက်မှုရှိသည်ဟု ဆိုနိုင်သည်။ လတ်တလောကာလ၌ပင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ မကြာမီအတွင်းမှာပင် ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်များ ပေါ်ပေါက်လာတော့မည်။ အစိုးရအဖွဲ့သစ်နှင့်အတူ ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးဆုံးဖြတ် အကောင်အထည်ဖော်နိုင်တော့မည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်ဖွင့်လှစ်နိုင်ကြတော့မည်။ ထိုကဲ့သို့ နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အတွက် အရေးပါလှသည့် ကဏ္ဍအသစ်စတင်ဖွင့်လှစ်ချိန်၌ ကျင်းပသည့် ယခုနှစ်လွတ်လပ်ရေးနေ့သည်ကား ထူးခြားလေးနက်ပြီး အနှစ်သာရပြည့်ဝကာ မင်္ဂလာအပေါင်း ခညောင်းနေသည်မှာ အမှန်ပင်။

ထို့ကြောင့်လည်း ကျွန်တော်တို့ ပြည်သူများအနေဖြင့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းမြှင့်တင်စွမ်းဆောင်ရင်း ထူးခြားလေးနက်မှုရှိလှသည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြရပေမည်။ လွတ်လပ်ရေးကို အရယူခဲ့သည်မှာ ကျွန်တော်တို့မြန်မာပြည်သူများဖြစ်သကဲ့သို့ ယနေ့ (၆၃)နှစ်မြောက်သည်အထိ ထိန်းသိမ်းစောင့်ရှောက်လာကြသူများမှာလည်း မြန်မာပြည်သူများပင်ဖြစ်သည်။အလားတူ လွတ်လပ်ရေးကို နောင် နှစ်ပေါင်း ရာထောင်ချီ၍ ကမ္ဘာတည်သမျှအဓွန့်ရှည် တည်တံ့ခိုင်မြဲစေပင်အောင် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည့် သူများမှာလည်း မြန်မာပြည်သူများမှလွဲ၍ အခြားမရှိနိုင်ပါချေ။

ထို့ကြောင့် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်သွားကြရပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံးက တညီတညွတ်တည်း စုစည်းထိန်းသိမ်းကာကွယ်ကြရပါမည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးပြီး ဇာတိမာန်ထက်သန်ကြသူများ ဖြစ်သည်။ ကိုယ်ထူးကိုယ်ချွန် ရပ်တည်နိုင်စွမ်းရှိကြသူများလည်း ဖြစ်သည်။ ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားသွေးစည်းညီညွတ်မှုဖြင့် ပြန်လည်ရယူနိုင်ခဲ့သော သမိုင်းအစဉ်အလာကောင်းကို ပိုင်ဆိုင်ထားကြသူများလည်း ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး (၃)ပါးကို သမိုင်းကပေးသော အမျိုးသားရေးတာဝန်အဖြစ် နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်ကြသူများလည်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် လက်တွဲညီညီ ကြိုးပမ်းအားထုတ်လျက်ရှိကြပေသည်။

တည်ဆဲအစိုးရအနေဖြင့် နိုင်ငံကို စတင်တာဝန်ယူချိန်ကစ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်လျက် အလေးပေးဆောင်ရွက်ခဲ့သည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ထိုတိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိရေးမှာ မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ဟု အလေးအနက်ခံယူခဲ့သည်။ ထိုသို့ ခံယူသည့်အတိုင်း ယခင်ခေတ်အဆက်ဆက်နှင့် မတူသည့်မူဝါဒများ ပြောင်းလဲချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရရှိအောင် ကြိုးပမ်းဖော်ဆောင်ခဲ့သည်။ ယင်းသို့ ကြိုးပမ်းဖော်ဆောင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်း ၂၀ ကျော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး ငြိမ်းချမ်းရေးရယူ တည်ဆောက်နိုင်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၈၈နောက်ပိုင်းကာလများတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တည်ငြိမ်အေးချမ်းမှုရရှိလာခဲ့သည်မှာ အမှန်ပင်။ ထိုသို့ တည်ငြိမ်အေးချမ်းမှုရရှိလာခဲ့သည့် ဒေသတိုင်းတွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့်လည်း အစွန်အဖျား နယ်စပ်ဒေသများအားလုံးသည် ယခုအခါ မြေပြန့်ဒေသနှင့်မခြား အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် လူမှုစီးပွားဘဝများပါ ဘယ်ခေတ် ဘယ်အခါနှင့်မျှ မယှဉ်သာအောင် မြင့်မားလာခဲ့သည်မှာ လက်တွေ့မျက်မြင်ပင်။

အခြားတစ်ဖက်ကလည်း ပြည်သူ့ဆန္ဒကိုအလေးထားပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံလုံခြုံမှုရရှိအောင်၊ တစ်နည်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံထောင့်စုံက ကြိုးပမ်းဖော်ဆောင်ပေးခဲ့သည်။ နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် စဉ်းစားပါက တစ်နိုင်ငံလုံးဆိုင်ရာ Infrastructure များ ခိုင်ခိုင်ခံ့ခံ့ ပြည့်ပြည့်စုံစုံမရှိပါဘဲနဲ့ မည်သို့မျှ ဖြစ်နိုင်မည်မဟုတ်။ အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အစကောင်းအောင် အခြေခံအုတ်မြစ်ဖြစ်သည့် Infrastructure များကို အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်း တည်ဆောက်ပေးခဲ့သည်။ နောင်အနာဂတ်ဝယ် ပြည်သူတင်မြှောက်သည့် အစိုးရအဖွဲ့သစ်ပေါ်ပေါက်လာသည့်အခါ နိုင်ငံတော်သစ်ကို ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မပျက် ဆက်လက်တည်ဆောက်သွားနိုင်စေရန်ဟူသည့် စေတနာမွန်များဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံကောင်းများကို ဇယ်စက်သလို မနားမနေ အသင့်လမ်းခင်းဆောင်ရွက်ပေးခဲ့ခြင်းပင် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ လမ်းညွှန်ကြပ်မတ်မှုအောက်ဝယ် တစ်လ တံတားကြီးတစ်စင်း၊ တစ်နှစ်အတွင်း ဆည်တမံ ၁၂ ခုနှုန်းနှင့် စွမ်းအားအပြည့်သုံးပြီး တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံး၌ ဆည်သစ်၊ တမံသစ်၊ လယ်သစ်၊ မြို့သစ်၊ လမ်းသစ်၊ တံတားသစ်၊ စက်ရုံသစ်များ လက်ညှိုးထိုးမလွဲတိုးပွားလာခဲ့သည်ကို အထင်အရှားတွေ့နိုင်ပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စွမ်းအင်၊ သိပ္ပံနှင့် နည်းပညာစသည့် ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများက အံ့မခန်းလောက်စရာ ကိန်းဂဏန်းများအထိ တိုးတက်လာခဲ့ပြီး တကယ့်လက်တွေ့ ဖြစ်ထွန်းအောင်မြင် တိုးတက်မှုများကို ယနေ့မြန်မာပြည်သူအားလုံး ခံစားစံစားနေကြရပြီဖြစ်သည်။

နိုင်ငံရေးတိုးတ
ညီလာခံကြီး အော
နိုင်ငံတော်ဖွဲ့စည်းပုံ
နှင့်အတူ အောင်မြင်
သစ်ကို တစ်ဆင့်ပြီး
အတွက် ချမှတ်ခဲ့သ
သို့ တစ်ဆင့်ချင်း
လတ်တလောကာလ
တည်ငြိမ်အေးချမ်း
ရွေးကောက်ပွဲကို
ကြသော်လည်း မြ
အများအတွက် ကျ
ထုတ်ဖော်မဲပေးခြ
ခဲ့ကြသည်။ မဲပေးပြ
ဒီမိုကရေစီနိုင်ငံ
ဆန္ဒပြုရွေးချယ်တ
ရလဒ်များ တရာ
လွှတ်တော်များ ခေ
ဤသည်မှာ တပ်မ
နှင့်အညီ ဒီမိုကရေစ
အစိုးရအုပ်ချုပ်ရေး
ထင်သာမြင်သာဖြစ်

**ဖွဲ့စည်းပုံအ
အကြိမ်အစည်းအ
အာဏာတည်မည်
ပြည်သူတိုင်းသည်
လူ့အခွင့်အရေးမျာ
ဥပဒေသစ်ကြောင့်
သည့် အဓိကအကျ
ကိုင်စွဲကျင့်သုံးနေသ
သက်ဆိုင်ရာ ဥပဒေ
အဖွဲ့များလက်ဝယ်
ထိန်းကျောင်းရင်း
တကျ တက်လှမ်းနို**

ယခုအခါ နို
ရေးအတွက် ကျန်ရှိ
အထည်ဖော်ဆောင်
တို့သည် အစဉ်အ
လှမ်းကိုင်နိုင်ကြ
ကောင်းကို ပိုင်ဆို
ပြည်သူတိုင်းသည်
လုံခြုံမှုနှင့် တရား

လွတ်
စည်းလုံး
လူမျိုးတို့
လွတ်လပ်
ပြန်ရယူ
နှစ်ပေါင်း
အလွန် ခ
ရေး၏တ
ရှောက်

အကြိုဂုဏ်ပြုဆောင်းပါး

ရလန်းစွင့်ဝေဆာနိုင်ပါစေ

ာင်စုမပြိုကွဲရေး၊ တိုင်း
တိုင်းရင်းသားအားလုံးက
ရပါမည်။
မျိုးဘာသာသာသနာကို
ည်။ ကိုယ်ထူးကိုယ်ချွန်
ားခဲ့သော လွတ်လပ်ရေး
ညီညွတ်မှုဖြင့် ပြန်လည်
ိုင်ထားကြသူများလည်း
သော ဖြစ်စဉ်များအရ
ညီညွတ်မှု မပြိုကွဲရေးနှင့်
သော ဒို့တာဝန်အရေး
န်အဖြစ် နှစ်နှစ်ကာကာ
ကြောင့် နိုင်ငံတော်အစိုးရ၊
၃)ပါးကို ဦးထိပ်ပန်ဆင်
စ်ကြီး ပေါ်ထွန်းလာရေး
ကြပေသည်။
ယူချိန်ကစ၍ အမျိုးသား
န်းစဉ်အဖြစ် သတ်မှတ်
တစ်ပြည် ဖွံ့ဖြိုးတိုးတက်
င့် ထိုတိုင်းပြည်အတွင်း
ည်းလုံးညီညွတ်မှုရှိရေးမှာ
ယူခဲ့သည်။ ထိုသို့ ခံယူ
ည့်မူဝါဒများ ပြောင်းလဲ
ရရှိအောင် ကြိုးပမ်းဖော်
ို့အတွက် တိုင်းရင်းသား
း ၂၀ ကျော်တို့ ဥပဒေ
းရယူ တည်ဆောက်နိုင်

် တစ်နိုင်ငံလုံးအတိုင်း
မှန်ပင်။ ထိုသို့ တည်ငြိမ်
ဘက်က ဖွံ့ဖြိုးတိုးတက်
များ ဖွံ့ဖြိုးတိုးတက်ရေး
ကိန်းများကို အကောင်
း အစွန်အဖျား နယ်စပ်
ဲမခြား အဘက်ဘက်က
ပညာရေး၊ ကျန်းမာရေး၊
ျားပါ ဘယ်ခေတ် ဘယ်
လက်တွေ့မျက်မြင်ပင်။
းထားပြီး ပြည်သူများ၏
်းအားဖြင့် နိုင်ငံဖွံ့ဖြိုး
ဖော်ဆောင်ပေးခဲ့သည်။
က တစ်နိုင်ငံလုံးဆိုင်ရာ
ှမရှိပါဘဲနဲ့ မည်သို့မျှ
ာဆိုသကဲ့သို့ အနာဂတ်
စ်ဖြစ်သည့် Infrastruc-
ည်ဆောက်ပေးခဲ့သည်။
ိုးရအဖွဲ့သစ်ပေါ်ပေါက်
မှု အရှိန်အဟုန်မပျက်
စတနာမွန်များဖြင့် ဖွံ့ဖြိုး
်စက်သလို မနားမနေ
ှ။
သည့် အထူးစီမံကိန်းများ
တ်မှုအောက်ဝယ် တစ်လ
၂ ခုနှန်းနှင့် စွမ်းအား
် တစ်နိုင်ငံလုံး၌ ဆည်
ာအားသစ်၊ စက်ရုံသစ်များ
ျားတွေ့နိုင်ပြီဖြစ်သည်။
ကျန်းမာရေး၊ စီးပွားရေး၊
ည်းပညာစသည့် ကဏ္ဍ
က်စရာ ကိန်းဂဏန်းများ
န်းအောင်မြင် တိုးတက်မှု
ကြရပြီဖြစ်သည်။

နိုင်ငံရေးတိုးတက်ပြောင်းလဲမှုအပိုင်းကို ကြည့်မည်ဆိုပါက အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ခဲ့ပြီး တစ်ဆက်တည်းမှာပင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူ၏ တစ်ခဲနက်ထောက်ခံမှုနှင့်အတူ အောင်မြင်စွာအတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့သည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျအသွင်ကူးပြောင်းဖော်ဆောင်နိုင်ရေးအတွက် ချမှတ်ခဲ့သည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီပန်းတိုင်ဆီသို့ တစ်ဆင့်ချင်း အောင်မြင်စွာ ကူးပြောင်းဖော်ဆောင်နိုင်ခဲ့သည်။ လတ်တလောကာလအတွင်းမှာပင် ၂၀၁၀ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာ၊ တည်ငြိမ်အေးချမ်းစွာ၊ လွတ်လပ်ပြီးတရားမျှတစွာ ကျင်းပပေးနိုင်ခဲ့သည်။ ရွေးကောက်ပွဲကို မလိုသူများက အမျိုးမျိုးပုတ်ခတ်ထိုးနှက် ဆန့်ကျင်ခဲ့ကြသော်လည်း မြန်မာပြည်သူများသည် နိုင်ငံအတွက်၊ ပြည်သူအတွက်၊ အများအတွက် ကျရာကိုယ်စီတာဝန်ကို မငြင်းပယ်ဘဲ မိမိဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်မဲပေးခြင်းအားဖြင့် တာဝန်ယူမှုနှင့် တာဝန်ကျေပွန်မှုကို ပြသခဲ့ကြသည်။ မဲပေးပိုင်ခွင့်ရှိသူဦးရေ ၇၇ရာခိုင်နှုန်း မဲပေးခဲ့ကြပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ဝိုင်းဝန်းဆန္ဒပြုရွေးချယ်တည်ဆောက်ပေးခဲ့ကြသည်။ ယခုအချိန်တွင် ရွေးကောက်ပွဲရလဒ်များ တရားဝင်ထုတ်ပြန်ကြေညာနိုင်ခဲ့ပြီးဖြစ်သည့်အပြင် မကြာမီလွှတ်တော်များ ခေါ်ယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေကြပေပြီ။ ဤသည်မှာ တပ်မတော်အစိုးရအုပ်ချုပ်ရေးစနစ်မှသည် အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ အုပ်ချုပ်မည့် ရွေးကောက်တင်မြှောက်ခံအစိုးရအုပ်ချုပ်ရေးစနစ်ဆီသို့ အသွင်ကူးပြောင်းနေသည့်၊ အလွန်ပင်ထင်သာမြင်သာဖြစ်သည့် တိုးတက်ပြောင်းလဲမှုတစ်ရပ်ပင် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှစ၍ နိုင်ငံတစ်ဝန်းလုံး၌ အာဏာတည်မည်ဖြစ်သည်။ ထိုသို့ အာဏာတည်သည့် အချိန်မှစပြီး မြန်မာပြည်သူတိုင်းသည် အခြေခံဥပဒေသစ်နှင့်အညီ ဒီမိုကရေစီအခွင့်အရေးများ၊ လူ့အခွင့်အရေးများ တိုးတက်ရရှိလာမည်ဖြစ်သည်။ ဤသည်မှာ အခြေခံဥပဒေသစ်ကြောင့် တိုးတက်ပြောင်းလဲဖြစ်ပေါ်လာမည့် အားလုံးနှင့်သက်ဆိုင်သည့် အဓိကအကျိုးဆက်ဖြစ်သည်။ အလားတူ လက်ရှိတပ်မတော်အစိုးရကိုင်စွဲကျင့်သုံးနေသည့် အာဏာ(၃)ရပ်သည်လည်း အခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာ ဥပဒေပြုလွှတ်တော်များ၊ အစိုးရအဖွဲ့များ၊ တရားသူကြီးအဖွဲ့များလက်ဝယ်သို့ အသီးသီးရောက်ရှိသွားမည်ဖြစ်ပြီး အပြန်အလှန်ထိန်းကျောင်းရင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှုအနာဂတ်ဆီသို့ စနစ်တကျ တက်လှမ်းနိုင်စေမည် ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်အာဏာကို ပြည်သူ့ထံသို့ ပြန်လည်အပ်နှင်းရေးအတွက် ကျန်ရှိနေသေးသော လုပ်ငန်းစဉ်(၂)ရပ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ မဝေးလှသော အနာဂတ်တွင် ပြည်သူတို့သည် အစဉ်အဆက်မျှော်မှန်းတောင့်တခဲ့ရသည့် ဒီမိုကရေစီပန်းတိုင်ကို လှမ်းကိုင်နိုင်ကြတော့မည် မုချပင်ဖြစ်သည်။ ထိုသို့သော အခွင့်အခါကောင်းကို ပိုင်ဆိုင်နေသည့် ယခုနှစ် လွတ်လပ်ရေးနေ့အခါသမယဝယ် ပြည်သူတိုင်းသည် နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်များကို ပိုမိုခိုင်မာစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရပေမည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရပေမည်။ အလားတူ ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကိုလည်း တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးသတိကြီးစွာထား၍ တားဆီးကာကွယ်ဟန့်တားချေဖျက်သွားကြရမည်သာ ဖြစ်ပေသည်။

လွတ်လပ်ရေးသည် တန်ဖိုးကြီး၏။ တန်ခိုးထက်၏။ စည်းကမ်းရှိသော၊ စည်းလုံးညီညွတ်သော၊ အင်အားတောင့်တင်းသော၊ စွမ်းရည်ထက်မြက်သော လူမျိုးတို့နှင့်သာ ထိုက်တန်၏။ ထိုထိုသောလူမျိုးတို့၏ လက်ဝယ်၌သာ လွတ်လပ်ရေးသည် ထာဝရတည်မြဲနိုင်၏။ လွတ်လပ်ရေးသည် ဆုံးရှုံးဖို့လွယ်၏။ ပြန်ရယူဖို့ခက်၏။ ထိန်းသိမ်းစောင့်ရှောက်ဖို့ သာ၍ခက်၏။ ထို့ထက်ပို၍ နှစ်ပေါင်းရာထောင်ချီပြီး ကမ္ဘာအရှည်တည်တံ့ပိုင်ဆိုင်နိုင်ရေးကား အလွန့်အလွန် ခက်ခဲတတ်ပေ၏။ ထို့ကြောင့် ကျွန်တော်တို့ပြည်သူအားလုံး လွတ်လပ်ရေး၏ တန်ဖိုးကိုသိပြီး ချစ်ခင်မြတ်နိုးစိတ်နှင့် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြရန် အထူးလိုအပ်သည်။ စည်းလုံးကြရမည်။ ညီညွတ်ကြရမည်။ စည်းကမ်းရှိကြရမည်။ အင်အားတောင့်တင်းခိုင်မာအောင် တည်ဆောက်ကြရမည်။ စွမ်းရည်ထက်မြက်အောင် မြှင့်တင်ကြရမည်။ ပြည်သူတိုင်းက အမျိုးသားရေးသတိဖြင့် အရိပ်တကြည့်ကြည့် စောင့်ရှောက်ထိန်းသိမ်းနိုင်မှသာ ယနေ့ (၆၃)နှစ် သက်တမ်းမှသည် နောင်နှစ်ပေါင်းရာထောင်ချီ၍ လွတ်လပ်ရေးအလှပန်း လန်းစွင့်ဝေဆာတင့်တယ်နိုင်မည်ဖြစ်ပါကြောင်း ထပ်လောင်းသတိပေး တင်ပြလိုက်ရပါသည်။ ။

လွတ်လပ်ရေးသည် တန်ဖိုးကြီး၏။ တန်ခိုးထက်၏။ စည်းကမ်းရှိသော၊ စည်းလုံးညီညွတ်သော၊ အင်အားတောင့်တင်းသော၊ စွမ်းရည်ထက်မြက်သော လူမျိုးတို့နှင့်သာ ထိုက်တန်၏။ ထိုထိုသောလူမျိုးတို့၏ လက်ဝယ်၌သာ လွတ်လပ်ရေးသည် ထာဝရတည်မြဲနိုင်၏။ လွတ်လပ်ရေးသည် ဆုံးရှုံးဖို့လွယ်၏။ ပြန်ရယူဖို့ခက်၏။ ထိန်းသိမ်းစောင့်ရှောက်ဖို့ သာ၍ခက်၏။ ထို့ထက်ပို၍ နှစ်ပေါင်းရာထောင်ချီပြီး ကမ္ဘာအရှည်တည်တံ့ပိုင်ဆိုင်နိုင်ရေးကား အလွန့်အလွန် ခက်ခဲတတ်ပေ၏။ ထို့ကြောင့် ကျွန်တော်တို့ပြည်သူအားလုံး လွတ်လပ်ရေး၏တန်ဖိုးကိုသိပြီး ချစ်ခင်မြတ်နိုးစိတ်နှင့် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရန် အထူးလိုအပ်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုး တိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အမွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာန ကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

လွတ်လပ်ရေးနေ့ ဒို့အောင်လံ

✻ လွတ်လပ်ရေးနေ့ ဒို့အောင်လံ . . .။
ထက်မိုးယံ လူလူလွင့်
ကြွားဝင့်မြူးပျံ့။
ညီနောင်တွေ လက်ချင်းတွဲလို့
အသက်ချင်းလဲ တွန်းတော်လှန်
ပြိုင်စံမဲ့ မော်ကွန်း။
ကိုယ့်အချုပ်အခြာနှင့်
ကိုယ့်အာဏာ ကိုယ်ပိုင်စိုးကာ
တန်ခိုးထက်သည့် ပြည်ထောင်သစ်
ဖွင့်လှစ်ဖော်ညွှန်း။

✻ လွတ်လပ်ရေးနေ့ ဒို့အောင်လံ . . .။
ဒို့မြန်မာ သာကီမျိုးတို့
နိုးကြားအားမာန်။
ကိုယ့်အားကို ကိုယ်ယုံကိုး
ကိုယ့်မျိုးဂုဏ် ကိုယ်တိုင်မြှင့်လို့
ခရီးအဆင့်ဆင့် အောင်ပွဲခံ
ကိုယ့်နိုင်ငံ အနာဂတ်လမ်း။
တက်ညီလက်ညီနဲ့
ကမ္ဘာအရှည် တည်တံ့မြဲရအောင်
လက်တွဲကာ မဆုတ်မနစ်
အားသစ်လိုက်စမ်း။

✻ လွတ်လပ်ရေးနေ့ ဒို့အောင်လံ . . .။
ဒီမိုကရေစီ နိုင်ငံသစ်ကို
ထုဆစ်တည်ရန်။
မူလမ်းစဉ်(၇)ရပ်နဲ့
ချမှတ်ကာ တူပြိုင်လှမ်းခဲ့တော့
ပန်းဝင်ဖို့ အချိန်တန်
လမ်းမှန်ပေမို့ စခန်းဘယ်မဝေး။
မဖောက်မပြန် နောက်မချန်ဘဲ
တစ်ယောက်မကျန် ညီညာဝိုင်းလို့ရယ်
မဆိုင်းအတူ မျှယူထမ်း
ပန်းဝင်စို့လေး။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဇော်မင်းမင်းဦး

သတ္တုတွင်းဝန်ကြီးဌာန ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံးပရဝဏ်အတွင်း၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ အထိမ်းအမှတ်ပွဲသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရ ဦးမြင့်မောင်၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် ဝန်ထမ်းမိသားစုဝင်များ တပျော်တပါး တက်ရောက်ကြည့်ရှုအားပေးကြသည်။ ၂၀၁၁ ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသား၊ အမျိုးသမီး ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဝန်ကြီးရုံး စိမ်းလဲ့ကန်သာဆည်၌ ကျင်းပရာ သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ အမှတ် (၂)သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ တစ်ဦးချင်းနှင့် အသင်းအဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အမျိုးသား၊ အမျိုးသမီး တောတွင်းခရီး လမ်းလျှောက်ပြိုင်ပွဲကို ကျင်းပရာ ဝန်ကြီး ဦးအုန်းမြင့် တက်ရောက်ကြည့်ရှု၍ ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ထမ်းမိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ စတင်တာလွှတ်ပေးသည်။ ယင်းနောက် အမျိုးသမီး ဂေါက်ကျင်းစိမ်ပြိုင်ပွဲ၊ ကလေးငယ် (အမျိုးသား၊ အမျိုးသမီး) ဘဲစီးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲနှင့် မသန်စွမ်းသူများ သံလုံးပစ်ပြိုင်ပွဲတို့ကို အစီအစဉ်အတိုင်း ကျင်းပသည်။

ညနေပိုင်းတွင် အမျိုးသား၊ အမျိုးသမီး ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဝန်ကြီး ဦးအုန်းမြင့်၊ ဝန်ကြီး သူရဦးမြင့်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုများရရှိကြသည့် အသင်းများနှင့် အားကစားသမားများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

အိုင်တီနည်းပညာသင်တန်းသစ်များ ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၂

Myanmar WWW Institute သင်တန်းကျောင်းမှ အိုင်တီအခြေခံသင်တန်း၊ Programming အခြေခံသင်တန်းနှင့် Website ရေးဆွဲနည်း သင်တန်းများကို ဇန်နဝါရီလအတွင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်သည်။

အိုင်တီအခြေခံသင်တန်းသည် ယနေ့လူငယ်တိုင်း တတ်မြောက်ထားသင့်သော Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်းအပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ဘာသာဖြင့် လက်တွေ့ပြုလုပ် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ သင်တန်းကာလမှာ နှစ်လခွဲခန့်သာ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ကြာသပတေး) တစ်ချိန်နှင့် တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်ရှိသဖြင့် မိမိနှင့် အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်မည် ဖြစ်သည်။

Essential Programming သင်တန်းတွင် Programming အခြေခံကောင်းများဖြစ်သော Pseudo Code, Flow Chart များကို အသုံးပြုပြီး Real Program Coding မရေးခင်တွင် Problems ဖြေရှင်းပုံများကို အသေးစိတ်သင်ယူရမည်ဖြစ်သည်။ ဤသင်တန်းကို Computer အခြေခံရှိသူများ တက်ရောက်နိုင်သည်။ သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် တစ်ပတ်လျှင် နှစ်ရက် (စနေ၊ တနင်္ဂနွေ)တစ်ချိန်ရှိသဖြင့် မိမိနှင့် အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။

Website ရေးဆွဲနည်း သင်တန်းတွင် Website တစ်ခုဖန်တီးပုံကို အခြေခံမှစပြီး ကျွမ်းကျင်အဆင့်အထိ ရောက်အောင် သင်ကြားပေးမည် ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် တစ်ပတ်လျှင် နှစ်ရက် (စနေ၊ တနင်္ဂနွေ) တစ်ချိန်ရှိသဖြင့် မိမိနှင့်အဆင်ပြေမည့် အချိန်ကို ရွေးချယ်တက်ရောက်နိုင်မည် ဖြစ်သည်။

၎င်းသင်တန်းသုံးမျိုးစလုံးကို တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများ အနေဖြင့် ကြိုတင်စာရင်း ပေးသွင်းကြရမည်ဖြစ်သည်။ အဆိုပါ သင်တန်းများကို Myanmar WWW Institute တည်ရှိရာ အဆောင်(၅) အခန်း (၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၆၅၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈) အင်ကြင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးတင်ဝင်း အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေနန်းတော် စိန်ရွှေရတနာဆိုင် နှစ်သစ်အကြိုဈေးရောင်းပွဲတော် ကျင်းပလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂

ရွှေနန်းတော် စိန်ရွှေရတနာဆိုင်က နှစ်သစ်အကြို Amazing New Year Sale ပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ရွှေနန်းတော်ရွှေဆိုင် နှစ်ဆိုင်စလုံး၌ ကျင်းပလျက်ရှိပြီး ရတနာပစ္စည်းမျိုးစုံကို ၃၀ ရာခိုင်နှုန်းအထိလျှော့၍ ရောင်းချပေးနေကြောင်း သိရသည်။

အဆိုပါ Amazing New Year Sale ပွဲတော်တွင် ရတနာချစ်သူများအတွက် စိန်၊ ပလက်တီနမ်၊ ကျောက်မျက်ရတနာ ဒီဇိုင်းအသစ်အဆန်းပေါင်းရာချီ၍ ရောင်းချပေးနေပြီး New Year လက်ဆောင်မွန်များ ငွေကျပ် သိန်း ၅၀ဖိုးဝယ်ယူသူတိုင်းကို ငွေသားကျပ် တစ်သောင်းခွဲ ချက်ချင်းရရှိမည့် Golden Palace Diamond Card များကိုလည်း လက်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ရွှေနန်းတော် စိန်ရွှေရတနာဆိုင် အမှတ်(၇၄၃) မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့် လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၄ ၀၉၊၂၀၅၇၂၂၊ အမှတ် (၇၀၁/၇၀၃) မဟာဗန္ဓုလလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့် လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၀၇၂၈၊ ၂၂၆၉၇၇ တို့တွင် လေ့လာရွေးချယ်ဝယ်ယူနိုင်ပြီး E-mail: snt @ myanmar. com.mm, Website: WWW. goldenpalacejewellery.com သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိန့်မေရီဒိုင်အိုစီဇင် မိန်းကလေး အထက်တန်းကျောင်း မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂

စိန်မေရီဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်းတွင် (၁၉၄၇-၁၉၆၅)ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသူများနှင့် တတိယတန်းအထိ တက်ရောက်ခဲ့ကြသော ကျောင်းသားများသည် ဇန်နဝါရီ ၁၅ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ (HOLY TRINITY) ဘုရားရှိခိုးကျောင်း၌ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ဆရာမကြီး ဒေါ်ဘာဘရာအုံး ဖုန်း-၇၁၀၂၁၀၊ ဒေါ်အဲလစ်အောင် ဖုန်း-၃၈၃၈၉၁၊ ဒေါ်ရိုစီတင်တင်လွမ်း ဖုန်း-၃၈၂၀၁၁၊ ဒေါ်ခင်ဖြူဝင်း ဖုန်း-၆၆၆၈၇၁၊ ဒေါ်ဟယ်လင်အောင် ဖုန်း-၆၆၄၅၆၆၊ ဒေါ်နန်းအိအိဇာ ဖုန်း-၃၈၃၀၂၅၊ ဒေါ်နွယ်နွယ် ဖုန်း-၂၉၂၇၁၈၊ ဒေါက်တာ သိန်းမြင့်အောင် ဖုန်း-၆၆၀၂၇၃၊ ဒေါ်ဘက်တီတင် ဖုန်း-၂၁၄၉၂၇နှင့် ဒေါ်လော်နာဘီးလ် ဖုန်း-၆၆၀၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့ အထက(၂)ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယအင်ဂျင် နီယာချုပ် ဦးကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးစိုင်းသော်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသည့် စက်ရေတွင်းဖွင့်ပွဲကို ဆီဆုံကုန်းကျေးရွာ၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကဒါရပ်ကွက် သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးဝင်းနှင့် ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လှတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထန်းပင်ကွင်း-ကညင်တကိုင်းကျေးလက် ဂဝံလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပစဉ်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထန်းရှစ်ပင်ကျေးရွာ မြေသားသောက်သုံးရေကန်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကျင်းပစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်း လမ်းပိုင်းအလိုက် ယာဉ်ဖြတ်သန်းခကောက်ခံမည့် နှုန်းထားများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ကို ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်တွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို တစ်ဆက်တစ်စပ်တည်း အသုံးပြုသွားလာနိုင်ကြပြီဖြစ်သည်။

အဆိုပါ အမြန်လမ်းမကြီးအသုံးပြု၍ သွားလာကြမည့် မော်တော်ယာဉ်များအတွက် ယာဉ်ဖြတ်သန်းခများကို ဇန်နဝါရီ ၆ ရက်မှစ၍ ကောက်ခံသွားမည်ဖြစ်ရာ ယာဉ်ဖြတ်သန်းခကောက်ခံမည့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

အမှတ်(၃)လမ်းဆုံဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
အမှတ်(၃)လမ်းဆုံမှ ဖြူး	၁၅၀ဝိ	၃၀၀ဝိ	၄၅၀ဝိ	၇၅၀ဝိ
အမှတ်(၃)လမ်းဆုံမှ နေပြည်တော်	၂၅၀ဝိ	၅၀၀ဝိ	၇၅၀ဝိ	၁၂၅၀ဝိ
အမှတ်(၃)လမ်းဆုံမှ မိတ္ထီလာ(သီးကုန်း)	၃၅၀ဝိ	၇၀၀ဝိ	၁၀၅၀ဝိ	၁၇၅၀ဝိ
အမှတ်(၃)လမ်းဆုံမှ စကားအင်း(မန္တလေး)	၄၅၀ဝိ	၉၀၀ဝိ	၁၃၅၀ဝိ	၂၂၅၀ဝိ

ဖြူးဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
ဖြူးမှ နေပြည်တော်	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
ဖြူးမှ မိတ္ထီလာ(သီးကုန်း)	၂၀၀ဝိ	၄၀၀ဝိ	၆၀၀ဝိ	၁၀၀၀ဝိ
ဖြူးမှ စကားအင်း(မန္တလေး)	၃၀၀ဝိ	၆၀၀ဝိ	၉၀၀ဝိ	၁၅၀၀ဝိ
ဖြူးမှ အမှတ်(၃)လမ်းဆုံ	၁၅၀ဝိ	၃၀၀ဝိ	၄၅၀ဝိ	၇၅၀ဝိ

နေပြည်တော်ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
နေပြည်တော်မှ မိတ္ထီလာ(သီးကုန်း)	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
နေပြည်တော်မှ စကားအင်း(မန္တလေး)	၂၀၀ဝိ	၄၀၀ဝိ	၆၀၀ဝိ	၁၀၀၀ဝိ
နေပြည်တော်မှ ဖြူး	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
နေပြည်တော်မှ အမှတ်(၃)လမ်းဆုံ	၂၅၀ဝိ	၅၀၀ဝိ	၇၅၀ဝိ	၁၂၅၀ဝိ

မိတ္ထီလာ(သီးကုန်း)ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
မိတ္ထီလာ(သီးကုန်း)မှ စကားအင်း(မန္တလေး)	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
မိတ္ထီလာ(သီးကုန်း)မှ နေပြည်တော်	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
မိတ္ထီလာ(သီးကုန်း)မှ ဖြူး	၂၀၀ဝိ	၄၀၀ဝိ	၆၀၀ဝိ	၁၀၀၀ဝိ
မိတ္ထီလာ(သီးကုန်း)မှ အမှတ်(၃)လမ်းဆုံ	၃၅၀ဝိ	၇၀၀ဝိ	၁၀၅၀ဝိ	၁၇၅၀ဝိ

စကားအင်း(မန္တလေး)ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
စကားအင်း(မန္တလေး)မှ မိတ္ထီလာ(သီးကုန်း)	၁၀၀ဝိ	၂၀၀ဝိ	၃၀၀ဝိ	၅၀၀ဝိ
စကားအင်း(မန္တလေး)မှ နေပြည်တော်	၂၀၀ဝိ	၄၀၀ဝိ	၆၀၀ဝိ	၁၀၀၀ဝိ
စကားအင်း(မန္တလေး)မှ ဖြူး	၃၀၀ဝိ	၆၀၀ဝိ	၉၀၀ဝိ	၁၅၀၀ဝိ
စကားအင်း(မန္တလေး)မှ အမှတ်(၃)လမ်းဆုံ	၄၅၀ဝိ	၉၀၀ဝိ	၁၃၅၀ဝိ	၂၂၅၀ဝိ

(သတင်းစဉ်)

ရဲချုပ် တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂

၂၀၁၀ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများသည် သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအပြီးတွင်

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ဇနီး ဒေါ်ခင်မေစိုးက အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းအားလည်းကောင်း၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီက အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ရပ်ပေါင်း တံခွန်စိုက်ဒိုင်းဆုရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အသင်းအား ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။ **(ဓါတ်ပုံ)** (သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

United Amara Bank ၏ ရန်ကုန်မြို့၊ လသာဘဏ်ခွဲကို (၃၁-၁၂-၂၀၁၀) ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအား အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Sino Hydro Group Ltd.

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသုံး လူသတ်သမား -

နားမယောင်လေနဲ့ သတိထား။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု



☆ ကျော်ရဲမင်း ၏ "လွတ်လပ်ရေးအလုပန်း ထာဝရလန်းစွင့်ဝေဆာနိုင်ပါစေ"

ဆောင်းပါး (စာမျက်နှာ) ၈၊ ၉

☆ ဇော်မင်းမင်းဦး ၏ "လွတ်လပ်ရေးနေ့ ဒို့အောင်လံ"

ကဗျာ (စာမျက်နှာ) ၉

☆ ဝေရှင် ၏ "ဒီမိုကရေစီနှင့် လွတ်လပ်ရေး"

ကာတွန်း (စာမျက်နှာ) ၈

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၂

ဇန်နဝါရီ ၂ ရက် နံနက် ၆ နာရီ ၄ မိနစ် ၁၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်တိုင်းထွာရေးစခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ယူနန်ပြည်နယ်အတွင်း) နေရာကို ဗဟိုပြု၍ အင်အားရစ်ခ်ျတာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များမှ ထိုနေ့နံနက် ၆ နာရီ ၄၅ မိနစ်မှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)